မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၁၂)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပိုလန်နိုင်ငံသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၃

၂၀၀၆ ခုနှစ် မေ ၃ ရက်တွင် ကျရောက်သည့် ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပိုလန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ လက်(ချ်) ကာဇင်(န်) စကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အစ္စရေးနိုင်ငံသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၃

၂၀၀၆ခုနှစ် မေ ၃ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အစ္စရေးနိုင်ငံ သမ္မတ မစ္စတာ မိုရှေကတ်ဇတ်ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ကြိုဆိုနှုတ်ဆက်

ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေးညွန့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် **Air Chief Marshal, Chalit Pukbhasuk** အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီးတို့ ဦးဆောင်သောအဖွဲ့ ရောက်ရှိ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်ဇနီး ကြိုဆိုနှုတ်ဆက်

ရန်ကုန် မေ ၂

ထိုင်းနိုင်ငံ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal ,Chalit Pukbhasukနှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေး ခရီးလည်ပတ်ရန် ယနေ့နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ထိုင်းနိုင်ငံ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေးညွန့်၊ တပ်မတော်(လေ)မှ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Suphot Dhirakaosal၊ စစ်သံမှူး Colonel, Prissapa Suvanatat တို့နှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

လက်ခံတွေ့ဆုံ

ကာကွယ်ရေးဦးစီးချုပ် (လေ)ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း ထိုင်းနိုင်ငံ ထိုင်းဘုရင့်လေတပ် ဦးစီးချုပ် **Air°°Chief°°Marshal, Chalit Pukbhasuk** အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မေလ ၃ ရက်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်း အရှိန်အဟုန်ဖြင့် တိုးတက်အောင်မြင်လျက်ရှိ

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသ ၂၄ခုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းတို့ကို အချိတ်အဆက်မိမိ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများသည် ပထဝီအနေအထားနှင့် လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရသည်။ ထို့အပြင် ရောင်စုံသောင်းကျန်းမှုဒဏ်ကို အနှစ် ၄၀ ကျော် အလူးအလဲခံခဲ့ရ၍ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့သည့် ပမာဏမှာ အလွန်ကြီးမားခဲ့သည်။

တပ်မတော်အစိုးရ နိုင်ငံ့တာဝန်ယူခဲ့ရချိန်မှစ၍ ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်ခဲ့သဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသည်။

၁၉၈၉ခုနှစ် မေလ ၂၅ရက်နေ့တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကိုဖွဲ့စည်းပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးခဲ့သည်။

၁၉၉၃ခုနှစ်တွင် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြဋ္ဌာန်းရာ၌ အဓိကရည်မှန်းချက် ငါးရပ်အနက် နယ်စပ်ဒေသများတွင် စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်ဟူသည့်အချက်ကို အတိအလင်း ထည့်သွင်းချမှတ်၍ ဆောင်ရွက်ပေးလျက်ရှိသည်။

နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ လူမှုရေး၊ စီးပွားရေး အခွင့်အလမ်းများရရှိစေရန် လူမှုစီးပွား အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းများ၊ တံတားများ၊ ကျောင်းများ၊ ဆေးရုံများ၊ စိုက်ပျိုးရေးစခန်းများ၊ မွေးမြူရေးစခန်းများ၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ၊ ဆက်သွယ်ရေးစနစ်များကို ၁၉၈၉ ခုနှစ်မှ စတင်ဆောင်ရွက်ပေးခဲ့သည်မှာ ယနေ့အထိ နိုင်ငံတော်ဘဏ္ဍာငွေ ကျပ် ၈၁၈၃၇သန်းကျော် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။ သုံးစွဲခဲ့သည့် ငွေပမာဏ၏ ၇၉ ဒသမ၅ရာခိုင်နှုန်းကို အဓိက ဘိန်းစိုက်ပျိုးမှုရှိခဲ့သည့် ဒေသများတွင် သုံးစွဲခဲ့သည်။ ထို့ကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးကို စတင်ဆောင်ရွက်ပြီး ၁၀နှစ်အကြာ ၁၉၉၉ခုနှစ်တွင် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းကို စတင်ဆောင်ရွက်ခဲ့သည့်အခါ ကြီးမားသည့် အောင်မြင်မှုများ ဆက်တိုက်ရရှိခဲ့သည်။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အဓိကကျသည့် လမ်းဖောက်၊ တံတားဆောက်သည့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးခဲ့သည်။ ၁၉၈၉ ခုနှစ်မှ ယခုအချိန်အထိ နယ်စပ်ဒေသများတွင် မြေလမ်း၃၁၈၁မိုင်၊ ကျောက်ခင်းလမ်း ၁၉၉၅မိုင်၊ ကတ္တရာလမ်း ၃၅၁မိုင် ဖောက်လုပ်ပေးခဲ့သကဲ့သို့ လမ်းဟောင်း ၃၂၉၅မိုင်ကိုလည်း ပြန်လည်ပြုပြင်ပေးခဲ့သည်။ ပေ ၁၀၀ အထက်တံတား ၅၁ စင်း၊ ပေ ၁၀၀ အောက်တံတား ၇၂၅စင်းနှင့် ကြိုးတံတား ၂၆စင်းကိုလည်း ဆောက်လုပ်ပေးနိုင်ခဲ့သည်။

ပညာရေးကဏ္ဍကို ကြည့်ပါက ၁၉၈၉ခုနှစ်မှ ယနေ့အထိ ကျောင်းပေါင်း ၁၀၃၄ကျောင်း ဆောက်လုပ်ပေးခဲ့၍ ၁၉၈၈ခုနှစ်က ကျောင်းသား ၁၀၀၀ကျော်သာရှိခဲ့သည့် နယ်စပ်ဒေသများ၌ ယခုအခါ ကျောင်းသား ၁၇၀၉၂၀ အထိ ရှိလာသည်ကို တွေ့ရသည်။

ကျန်းမာရေးကဏ္ဍတွင် ဆေးရုံ ၇၉ရုံ၊ ဆေးခန်း ၁၀၅ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၅၈ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ၁၄၀ ဆောက်လုပ်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ၁၀၈ခု ဆောက်လုပ်ပေးနိုင်ခဲ့သဖြင့် နယ်စပ်ဒေသနေ တိုင်းရင်းသားများ ဗဟုသုတ တိုးပွားကာ အသိအမြင် ပိုမိုကျယ်ပြန့်စေခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပတ်သက်၍ စိုက်ပျိုးရေးရုံး ၃၁ရုံး၊ စိုက်ပျိုးရေးစခန်း ၁၁၇ခု၊ ထွန်စက်စခန်း ၁၁ခု၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးစခန်း ၄၁ခု ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ဒေသနှင့် ကိုက်ညီမည့် စိုက်ပျိုးသီးနှံများ၊ ဘိန်းအစားထိုးသီးနှံများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ များစွာပေါ်ထွန်းနေပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးဆောင်စီမံဆောင်ရွက်နေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် နိုင်ငံတည်ငြိမ်အေးချမ်းသာယာမှု၊ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ လူမှုရေး၊ စီးပွားရေးတိုးတက်မှု၊ မူးယစ်ဆေးဝါးပပျောက်ရေး အကောင်အထည်ဖော်နိုင်မှုတို့ကို ကြည့်ခြင်းအားဖြင့် တိုးတက်အောင်မြင်မှုအရှိန်အဟုန်ကို သိသာထင်ရှားစွာ တွေ့မြင်နိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၃-၅-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇း၁၅	၄။	မျိုးချစ်တပ်မတော်
၇း၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၄း၁၅	၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၀	၅။	လက်စွမ်းပြပဟန်ဂီတသံ
၄း၃၀	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၀	၇။	မျိုးချစ်တပ်မတော်
၄း၅၀	၈။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၀၀	၉။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၀	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	နိုင်ငံတကာသတင်း
၆း၂၀	၁၄။	မိုးလေဝသသတင်း
၆း၂၅	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၆	မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား
၆း၄၀	၁၇။	လျှပ်တစ်ပြက်
၇း၀၀	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့အိမ်ကလေး"** (အပိုင်း-၂၂)
၈း၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။	**English Usage.**
	၂၂။	ဗီစီဒီကျော်ကြားတေးများ
	၂၃။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကောင်းကင်သိုင်းကွက်"** (အပိုင်း-၂၆)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရား (၁၃)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော် စည်ကား သိုက် မြိုက် စွာ ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၂၇ ရက်က သန္တိသုခ နှစ်ထပ် ဓမ္မာရုံကြီးတွင် ကျင်းပရာအလှည့်ကျဂေါပကအဖွဲ့ဝင် ဦးစောလွင်က ရှင်းလင်းဆွေးနွေးစဉ်။ (၁၂၉)

မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီး၌ ရင်ချင်းဆက်အမြွှာ အောင်မြင်စွာခွဲစိတ်မွေးဖွားပေး
မိခင်ရော ကလေးပါ ကျန်းမာရေးကောင်းမွန်လျက်ရှိ

နေပြည်တော် မေ ၂

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ၂၆ရက် နံနက်ရနာရီခွဲက ချမ်းအေးသာစံမြို့နယ်ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဆွေဝင်းက မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီးတွင် ရင်ချင်းဆက် အမြွှာမွေးဖွားခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာစောလွင်က ရင်ချင်းဆက် အမြွှာခွဲစိတ်မွေးဖွားမှုကို ဗီဒီယိုဆလိုက်ဖြင့်လည်းကောင်း၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာ နီလာအောင်က ကလေးများအား မွေးစကလေးကုသဆောင်တွင် ပြုစုထားရှိမှုနှင့် ကလေးများကျန်းမာရေး အခြေအနေကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ရင်ချင်းဆက်အမြွှာကလေးများ ပြုစုစောင့်ရှောက်ရန်အတွက် မတည်အလှူငွေများ ပေးအပ် လှူဒါန်းကြရာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ လှူဒါန်းငွေ ကျပ်ငါးသိန်းကို တိုင်းဦးစီး (ဗိုလ်မှူးကြီး) ဗိုလ်မှူးကြီးသိန်းဦးကလည်းကောင်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှလှူဒါန်းငွေကျပ် ငါးသိန်းကို တိုင်းအတွင်းရေးမှူးဒုတိယဗိုလ်မှူးကြီးကြည်သိန်းကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဗဟိုအမျိုးသမီးဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်ဆွေဝင်းက လက်ခံ ရယူသည်။

ဆက်လက်၍ တိုင်းမှူးသည် မွေးဖွားပြီးလူနာဆောင်သို့ ရောက်ရှိကာ ရင်ချင်းဆက် အမြွှာမွေးဖွားသော မိခင်အား သွားရောက်ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများပေးအပ်၍ မွေးကင်းစဆောင်သို့ရောက်ရှိပြီး ရင်ချင်းဆက်အမြွှာ ကလေးများ ပြုစုစောင့်ရှောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

မိခင်ရောကလေးပါ ကျန်းမာရေးကောင်းမွန်

အဆိုပါ ရင်ချင်းဆက်အမြွှာကလေးများကို တံတားဦးမြို့နယ် သိန်ကန်ကျေးရွာနေ ဦးဇော်ဝင်း၏ဇနီး ဒေါ်ချို (၃၁နှစ်)က မန္တလေးဗဟိုအမျိုးသမီးဆေးရုံတွင်တက်ရောက်မွေးဖွားခဲ့ရာ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာစောလွင်နှင့်အဖွဲ့က ဧပြီ ၂၄ရက် နံနက် ၈နာရီခွဲတွင် အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးခဲ့ပြီး ရင်ချင်းဆက်အမြွှာညီအစ်မမှာ ရင်ညွန့်မှချက်အထိ ဝမ်းဗိုက်ချင်းဆက်လျက်ရှိပြီး နှစ်ဦးပေါင်း၏ ကိုယ်အလေးချိန်မှာ၄ဒသမ၀၅ကီလိုဂရမ်ရှိ၍ကလေးနှင့်မိခင် ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လျက် ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်(၇၁)ရပ်ကွက် အမှတ်(၁၂) အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို ဧပြီ ၂၅ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်မြတ်ခိုင်က စတုတ္ထတန်းကျောင်းသားမောင်ရဲသီဟအား သင်ယူပြီး မြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။ (က-ပ)

ကလေးလေဆိပ် လေယာဉ်ပြေးလမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကလေးလေဆိပ် လေယာဉ်ပြေးလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်အား ကလေးလေဆိပ်ညွှန်ခန်းမ၌ ကလေးလေဆိပ် လေယာဉ်ပြေးလမ်းကို လေးလက်မခွဲထု ထပ်ပိုးလွှာတင်ခြင်း၊ လေယာဉ်ပြေးလမ်း အနိမ့်အမြင့်ညှိခြင်းနှင့် ကတ္တရာ ရေပိတ်လွှာခင်းခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းအခြေအနေများကို ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ကလေးခရိုင် အင်ဂျင်နီယာမှူး ဦးစောဟန်က ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တာဝန်ရှိသူများနှင့်အတူ ကလေးလေဆိပ် လေယာဉ်ပြေးလမ်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

တိုးချဲ့တည်ဆောက်

ကလေးလေဆိပ်သည် ယခင်က လေယာဉ်ပြေးလမ်းမှာ အလျားပေ ၄၄၈၀၊ အကျယ်ပေ ၁၀၀ သာရှိခဲ့ပြီး ၁၉၉၅-၁၉၉၆ ခု ဘဏ္ဍာရေးနှစ်တွင် ပြေးလမ်းအလျားပေ ၅၅၀၀ အထိ တိုးချဲ့ တည်ဆောက်ခဲ့သည့်အပြင် ၂၀၀၀-၂၀၀၁ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွင်းတွင် ပြေးလမ်းပေ ၅၀ အကျယ်အား ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကာ ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်အတွင်း ထပ်မံ၍ အကျယ်ပေ ၁၀၀ ပြည့်အောင် ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကလေးတပ်နယ် စုပေါင်းပျိုးဥယျာဉ်၌ ကျင်းပသည့် ကလေးတပ်နယ်မိသားစု၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်က ကလေးတပ်နယ်၌ ကြက်ဆူပင်စိုက်ပျိုးမှုနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် တာဝန်ရှိသူများသည် ကလေးတပ်နယ်မိသားစုနှင့်အတူ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကလေးတပ်နယ် စုပေါင်း ပျိုးဥယျာဉ်၌ ပျိုးထောင်ထားရှိသည့် ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကလေးတပ်နယ်၌ ခြံစည်းရိုးကြက်ဆူပင်ကို ယခုနှစ်တွင် ဧက ၅၂၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကလေးတပ်နယ်မိသားစု၏ ဝက်မွေးမြူရေးလုပ်ငန်းကို သွားရောက် ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ တာဝန်ခံအရာရှိ ဗိုလ်မှူးလင်းဇော်ဝင်းက ၁၉၉၉ ခုနှစ် ဇူလိုင် ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့သည့် ကလေးတပ်နယ်မိသားစု၏ ဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်အောင်မြင်မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက အနောက်မြောက်တိုင်း စစ်ဌာနချုပ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များသို့ မျိုးကောင်း၊ မျိုးသန့်ဝက်များ ဖြန့်ဖြူးပေးပို့နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က မွေးမြူထားသော မျိုးကောင်း မျိုးသန့်ဝက်များကို မိမိတို့ နယ်မြေအတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များသာမက ပြည်သူများ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရောင်းချနိုင်အောင် တိုးချဲ့မွေးမြူရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဝက်များ ကျန်းမာရေးအတွက် ဆေးဝါးများနှင့် မွေးမြူထားရှိသော ဝက်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကလေးတပ်နယ် အောင်ဆန်းခန်းမ၌ ကလေးတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိစစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တွင် ဝိုင်းဝန်း ပါဝင်ဆောင်ရွက်ရေး၊ စိုက်ပျိုးမွေးမြူရေးကို ဒေသပြည်သူများအတွက် စံနမူနာပြစိုက်ပျိုးမွေးမြူရေး၊ ခြံစည်းရိုးကြက်ဆူပင်ကို တပ်ရင်း၊ တပ်ဖွဲ့အလိုက် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရေးအပြင် ဒေသနှင့်ကိုက်ညီမည့်စပါးနှင့် အခြားသီးနှံများကိုလည်း စိုက်ပျိုးသွားကြရန် အကျယ်တဝင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကလေးတပ်နယ် အောင်ဆန်းခန်းမအနီးရှိ ပျိုးဥယျာဉ်၌ ရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ပိုလန်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၃

၂၀၀၆ ခုနှစ် မေ ၃ ရက်တွင် ကျရောက်သည့် ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပိုလန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ စတီဖင်မယ်လာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

— — — — — — —

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၃

၂၀၀၆ ခုနှစ် မေ ၃ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မီးစ် ဇီပီ လစ်ဗ်နီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

လောကချမ်းသာ အောင်သစ္စာစေတီတော် ရွှေထီးတော်တင်လှူပူဇော်မည်

ရန်ကုန် မေ ၂

ပဲခူးတိုင်း(အနောက်) ပြည်မြို့ အောင်တော်မူ တောရကျောင်းတိုက်ကုန်းတော်၌ တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာ အောင်သစ္စာစေတီတော်နှင့် အရံစေတီများအား ရွှေထီးတော် တင်လှူပူဇော်၍ အောင်တော်မူ (၅)ဌာနရှိ အောင်တော်မူ (၉)နဝင်းစေတီတော်များအား ဗုဒ္ဓပူဇနိယပွဲနှင့် သိက္ခာတော်ထပ် ရဟန်းခံပွဲတို့ကို ၁၃၆၈ ခုနှစ် ကဆုန်လဆန်း ၁၃ ရက်မှ ကဆုန်လပြည့်နေ့၊ (မေ ၉ ရက်မှ ၁၁ ရက်)အထိ အောင်တော်မူ တောရကျောင်း ပရဝဏ်အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အလှူရှင်မိသားစုများ၊ ဓမ္မမိတ်ဆွေများနှင့်တကွ ပါဝင်ကုသိုလ်ပြုလိုသူများအား ဖိတ်ကြားထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်မြန်မာသတင်းဂျာနယ် (၁၀)နှစ်ပြည့် အထိမ်းအမှတ် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် တက်ရောက်အားပေး

ရန်ကုန် မေ ၂

ပြည်မြန်မာသတင်းဂျာနယ်၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် တက်ရောက်အားပေးသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ စာပေပညာရှင်များ၊ စာပေမိတ်ဆွေများနှင့် စာပေထုတ်ဝေရေးလုပ်ငန်းအဆင့်ဆင့်မှ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ သုတစွယ်စုံစာအုပ်တိုက် အယ်ဒီတာချုပ် ဒေါက်တာတင်ထွန်းဦးက ပြည်မြန်မာသတင်းဂျာနယ် (၁၀)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးအရာရှိ ဦးမျိုးသန့်(မောင်ဆုရှင်)က မုဒိတာစကား ပြောကြားသည်။

ထို့နောက် စတုတ္ထအကြိမ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ညီလာခံအတွက် အလှူငွေကျပ် နှစ်သိန်းကို သုတစွယ်စုံစာအုပ်တိုက် အယ်ဒီတာချုပ် ဒေါက်တာတင်ထွန်းဦးနှင့် ဇနီး ဒေါက်တာခင်မိုးမိုးတို့က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ဝဲပုံ)**

တည်ခင်းဧည့်ခံ

ယင်းနောက် ပြည်မြန်မာသတင်းဂျာနယ် ဝန်ထမ်းများအား ဂုဏ်ပြုဆုများချီးမြှင့်ကာ တက်ရောက်လာသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် တက်ရောက်လာသူများအား ကံစမ်းမဲဖောက်၍ မေတ္တာလက်ဆောင်များပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မောင်သက်ဆွေထွန်း (ရွှေစင်စကြာ ဘားအံ-ရန်ကုန်)အား ရည်စူး၍ အမှတ်(၁၆) ဝါယာလက် ပြည်တော်သာ ၁၄ လမ်း မင်္ဂလာဒုံမြို့နယ်နေ ဒေါ်လှရီမိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၌ အသုံးပြုရန် ထာဝရဆေးပဒေသာပင်နှင့် မျက်စိအလင်းထည့် မှန်ဘီလူးတို့အတွက် ငွေကျပ် ၁၅၀၀၀၀ ကို မေ ၁ ရက်က ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ထံ လာရောက် လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံကျင်းမြူနီစီပယ် ဒေသရှိ ဆာဖာရီဥယျာဉ်တွင် အရပ် ၂ ဒသမ ၄၂ မီတာအရှည်ရှိ ကမ္ဘာ့အရပ်အရှည်ဆုံးပုဂ္ဂိုလ် ကျန်ကိုင်း(ဝဲ)နှင့် ခန္ဓာကိုယ် အလေးချိန် ၂၁၅ကီလိုဂရမ်ရှိ အာရှ၏ ကိုယ်အလေးချိန် အများဆုံးပုဂ္ဂိုလ် လျောင်ရောင်တို့နှစ်ဦးကို ဧပြီ ၃၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကွန်ပျူတာများ အသစ်မလဲနိုင်သည့်ပြဿနာ ဗြိတိန်စာသင်ကျောင်းများတွင် ကြုံတွေ့နေရ

လန်ဒန် မေ ၂

ဗြိတိန်နိုင်ငံ စာသင်ကျောင်းများနှင့်ကောလိပ်ကျောင်းများ၌ ကွန်ပျူတာများအသစ်လဲလှယ်ရေးပြဿနာ ကြုံတွေ့နေရကြောင်း အစီရင်ခံစာတစ်စောင်၌ ဧပြီ ၂၉ရက်က ဖော်ပြပါရှိသည်။

ပညာရေးစနစ်များဆိုင်ရာ အစိုးရကွန်ပျူတာ အေဂျင်စီ(ဘက်တာ)က ကွန်ပျူတာအရေအတွက်မှာ များပြားလာကြောင်းဖြင့် ကြေညာသည်။

ဖော်ပြထား

သို့သော် ကွန်ပျူတာများသည် ဟောင်းနွမ်းလာပြီဖြစ်ကြောင်း၊ ၎င်းတို့ကိုအချိန်မီအသစ်မလဲနိုင်ကြောင်း၊ စာသင်ကျောင်းထက်ဝက်ခန့်မှာ အသစ်လဲရေး မူဝါဒပင်ချမှတ်ထားနိုင်ခြင်း မရှိသေးကြောင်း ဖော်ပြထားသည်။ ဘွဲ့လွန်ကျောင်းသားဦးရေမှာ များပြားလာကြောင်း၊ အဓိပ္ပာယ်မှာ ကောလိပ်ကျောင်းများ၌ ကွန်ပျူတာ ထောက်ပံ့မှုမှာ အမှန်အားဖြင့် လွန်ခဲ့သည့်နှစ်တွင် ပိုဆိုးသည်ဟုဆို၏။

သိသိသာသာတိုးတက်

သင်ကြားရေးနှင့် သင်ယူရေးတွင် စာသင်ကျောင်းများက ကွန်ပျူတာ အသုံးပြုရာ၌ အရှိန်အဟုန်ဖြင့် သိသိသာသာတိုးတက်ကြောင်း လာမည့် ရက်သတ္တပတ်တွင် ထုတ်ဝေမည့် ဘက်တာနှစ်ပတ်လည်သုံးသပ်ချက်တွင် ဖော်ပြထားသည်။

ဥပမာအားဖြင့် ကျောင်းဆရာများက သင်ခန်းစာများ ပေးရာတွင် ကွန်ပျူတာဖြင့် တိုက်ရိုက်ဆက်သွယ်သည့် သင်ခန်းစာများပေးလာခြင်းမှာ ယခုအခါ စံတစ်ခုဖြစ်လာပြီဟု ဆက်လက်ဖော်ပြသည်။

ကိုင်တွယ်အသုံးပြု

ကျောင်းသားနှင့် ကွန်ပျူတာအချိုးအဆမှာ မညီမျှဆက်ဖြစ်နေကြောင်း၊ ထို့ကြောင့် ၂၀၀၅ ခုနှစ်အတွင်းတွင် မူလတန်းကျောင်းများ၌ ကွန်ပျူတာ တစ်လုံးလျှင် ကျောင်းသားခြောက်ဦး ကိုင်နေရပြီး အလယ်တန်းကျောင်းများ၌ ပျမ်းမျှ ကွန်ပျူတာတစ်လုံးလျှင် ကျောင်းသားလေးဦး ကိုင်တွယ်အသုံးပြုနေရသည်။

သင်ထောက်ကူပြုပစ္စည်းများကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နည်းပညာက စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးစွမ်းရည်တိုးတက်စေသည့် အလားအလာကို ဖန်တီးပေးသည်မှာ ထင်ရှားကြောင်း၊ သို့သော် ဗြိတိန်နိုင်ငံ၌ ထိုအလားအလာကို အကောင်အထည်ဖော်နိုင်ခြင်းမရှိဟု သိရသည်။

(အင်တာနက်)

ဟောင်ကောင်ဒစ္စနီလင်း၌ ဒေသ၏အမှတ်တရပစ္စည်းများအား ခေါင်းတွင် ဆင်မြန်းထားသော ခရီးသွား ဧည့်သည်များကို မေ ၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ဩဇာလွှမ်းမှုကို တန်ပြန်ရန် သုံးပွင့်ဆိုင် ကုန်သွယ်ရေး စာချုပ်ချုပ်ဆို

ဟာဗားနား မေ ၂

ဘိုလီးဗီးယား၊ ကျူးဘားနှင့် ဗင်နီဇွဲလား လက်ဝဲခေါင်းဆောင်များသည် လက်တင် အမေရိက၌ အမေရိကန်ဩဇာလွှမ်းမှုကို တန်ပြန်ရန် ရည်ရွယ်လျက် သုံးပွင့်ဆိုင်ကုန်သွယ်ရေးသဘောတူ စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြသည်။

လက်မှတ်ရေးထိုး

ကုန်သွယ်ရေးသဘောတူစာချုပ်ကို ကျူးဘားနိုင်ငံ၌ ဧည့်သည်တော် ဘိုလီးဗီးယားသမ္မတ အက်ဗိုမော်ရာလက်စ်၊ ဧည့်သည်တော် ဗင်နီဇွဲလား သမ္မတ ဟူဂိုချာဗက်ဇ်နှင့် အိမ်ရှင်ကျူးဘားသမ္မတ ကတ်စထရိုတို့က လက်မှတ်ရေးထိုးကြခြင်းဖြစ်သည်။

ထိုစာချုပ်မူကြမ်းကို ကျူးဘားနှင့် ဗင်နီဇွဲလား နိုင်ငံတို့က ရေးဆွဲခြင်းဖြစ်ပြီး ဖီဒယ်ကတ်စထရိုနှင့် ချာဗက်ဇ်တို့နှစ်ဦးစလုံး၏ မဟာမိတ်တစ်ဦးဖြစ်သူ မစ္စတာ မော်ရာလက်စ်မှာမူ လွန်ခဲ့သည့် ဒီဇင်ဘာလအတွင်းက ဘိုလီးဗီးယား ရွေးကောက်ပွဲ၌ ရွေးချယ်ခံရပြီးမှ စာချုပ်ကို လက်မှတ်ထိုးပြီး အဆိုပါ သုံးနိုင်ငံကုန်သွယ်ရေးသဘောတူစာချုပ်ကို လက်မှတ်ထိုးခြင်းဖြစ်သည်။

သန္နိဋ္ဌာန်ချထား

စာမတတ်သူ ပပျောက်ရေးနှင့် အလုပ်အကိုင်များပေါ်ထွန်းရေးအတွက် ဦးတည်ဆောင်ရွက်သွားကြရန် သုံးနိုင်ငံတို့က သန္နိဋ္ဌာန်ချထားသည်။

ရေနံကြွယ်ဝသည့် ဗင်နီဇွဲလားနိုင်ငံနှင့် ဓာတ်ငွေ့ကြွယ်ဝသည့် ဘိုလီးဗီးယား နိုင်ငံတို့ ပါဝင်သည့်အတွက် ဤသုံးနိုင်ငံကုန်သွယ်ရေး သဘောတူစာချုပ်မှာ ဩဇာသက်ရောက်မှု ပိုရှိနိုင်သည်ဆို၏။

ပြောကြား

ယခုအခါ ပထမဆုံးအချိန်၌ မိမိတို့ သုံးနိုင်ငံသာပါဝင်ကြောင်း၊ တစ်နေ့တွင် လက်တင်အမေရိကနိုင်ငံအားလုံးပါဝင်လာမည်ဟု ယုံကြည်ကြောင်းဖြင့် စာချုပ်လက်မှတ်ထိုးအပြီးတွင် ကျူးဘားသမ္မတက ဖီဒယ်ကတ်စထရိုက ပြောကြားလိုက်သည်။

ဤအစည်းအဝေးမှာ မျိုးဆက်သုံးဆက်နှင့် တော်လှန်ရေးသုံးခုတို့၏ သမိုင်းဝင် တွေ့ဆုံသည့် ပွဲတစ်ပွဲဖြစ်ကြောင်း ကျူးဘားနိုင်ငံသို့ သောကြာနေ့က ရောက်ရှိအပြီးတွင် ဘိုလီးဗီးယား သမ္မတမော်ရာလက်စ်က ပြောကြားသည်။

ဗင်နီဇွဲလားသမ္မတချာဗက်ဇ်ကမူ လက်တင်အမေရိကတွင် အမေရိကန် အစိုးရ၏ အကူအညီမပါဘဲ စီးပွားရေးနှင့် နိုင်ငံရေးစည်းလုံးညီညွတ်မှု ထူထောင်ရန် သန္နိဋ္ဌာန်ချထားသူဖြစ်သည်ဆို၏။ **(အင်တာနက်)**

ဆိုမာလီရာကမ်းရိုးတန်း၌ သင်္ဘောတစ်စင်း အပိုင်စီးခံရ

နိုင်ရိုဘီ မေ ၂

အင်ဒိုနီးရှားသင်္ဘောအမှုထမ်းများအား တင်ဆောင်လာသော သင်္ဘောတစ်စင်းအား ဆိုမာလီရာနိုင်ငံ ကမ်းရိုးတန်း ပင်လယ်ဓားပြများ ကြီးစိုးနေသော ရေပိုင်နက်တွင် သင်္ဘောအပိုင်စီးခံရကြောင်း ကင်ညာနိုင်ငံရေကြောင်းမှ တာဝန်ရှိသူတစ်ဦးက ဧပြီ ၂၉ ရက်တွင် ပြောကြားသည်။

ဆိုမာလီရာ သေနတ်သမားများသည် သင်္ဘောတစ်စင်းကို ကြာသပတေးနေ့က အပိုင်စီးသွားခဲ့ပြီး ယခင်က အပိုင်စီးထားသော သင်္ဘောနှစ်စင်းရှိရာနေရာ ဟာရက်ဟီးယားအနီးရှိ ကမ်းရိုးတန်းမြို့တစ်မြို့သို့ သေနတ်သမားများက ယူဆောင်သွားခဲ့ကြောင်း ကင်ညာနိုင်ငံ သင်္ဘောသားများအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ရေးမှူး အန်ဒရူးက ပြောကြားသည်။ ယင်းသင်္ဘောသည် ကစ်မာ့ယူဆိပ်ကမ်းသို့ ဦးတည်ခုတ်မောင်းနေစဉ် ဆိုမာလီရာ ဓားပြများသည် သေနတ်များဖြင့် ပစ်ခတ်ပြီးနောက် ဟာရက်ဟီးယားဆိပ်ကမ်းမြို့မှ ၁၈ကီလိုမီတာ အကွာရှိ ဂမ်းဒေသသို့ ခုတ်မောင်းရန် အမိန့်ပေးခဲ့ခြင်းဖြစ်ကြောင်း အန်ဒရူးက တယ်လီဖုန်းဖြင့်ဆက်၍ ပြောကြားသည်။

သင်္ဘောပေါ်တွင် လိုက်ပါသွားသော တခြားနိုင်ငံသားများနှင့် သင်္ဘော၏ အမည်နှင့်ပုံစံကို ချက်ချင်းသတင်းမရရှိသေးကြောင်း သို့သော် သင်္ဘောအမှုထမ်းများသည် အင်ဒိုနီးရှားနိုင်ငံသားများဖြစ်သည်ဟု ယုံကြည်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တောင်အာဖရိကနိုင်ငံမှ စင်းလုံးငှားလေယာဉ် ယူဂန္ဓာနယ်စပ်၌ ပျက်ကျ

ဂျိုဟန်နစ္စဘတ် မေ ၂

တောင်အာဖရိကနိုင်ငံမှ ပျောက်ဆုံးနေသော စင်းလုံးငှားလေယာဉ်အား ယူဂန္ဓာနယ်စပ်ရှိတောင်ပေါ်တွင် ပျက်ကျနေသည်ကို ဧပြီ ၃၀ ရက်က ရှာဖွေတွေ့ရှိခဲ့ကြောင်း တောင်အာဖရိက လေကြောင်းအာဏာပိုင်များက ပြောကြားသည်။

လေယာဉ်အမှုထမ်းနှစ်ဦးနှင့် ခရီးသည်တစ်ဦး စီးနင်းလိုက်ပါလာသော ယင်းအပေါ့စားလေယာဉ်ကို ယူဂန္ဓာဘက်ခြမ်းရှိ တောင်ပေါ်တွင် ပျက်ကျနေသည်ကို တွေ့ရှိခဲ့ကြောင်း ယင်းလေကြောင်းအာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဖင်ဒီဝေက ပြောကြားသည်။

ယင်းလေယာဉ်ပျက်ကျမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်အတွက် ခွင့်ပြုချက်ရရှိရန် တောင်အာဖရိက လေကြောင်းအာဏာပိုင်များက ယူဂန္ဓာလေကြောင်းဌာနမှ တာဝန်ရှိသူများကို မေတ္တာရပ်ခံမည်ဖြစ်ကြောင်း ဖင်ဒီဝေက ထပ်လောင်းပြောကြားသည်။

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအစီအစဉ် ဒဗလျူအက်ဖ်ပီမှ စင်းလုံးငှားခဲ့သော ယင်းလေယာဉ်ငယ်သည် ကွန်ဂိုနိုင်ငံ အရှေ့ပိုင်းဂိုမာဒေသမှ ဘူနီရာဒေသသို့ပျံသန်းလာစဉ် သောကြာနေ့က ယင်းလေယာဉ်နှင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့ပြီး ကွန်ဂိုနိုင်ငံတွင် ပျောက်သွားခဲ့ရခြင်း ဖြစ်သည်။

စနေနေ့အစောပိုင်းက ဒဗလျူအက်ဖ်ပီမှ ပြောရေးဆိုခွင့်ရှိသူ စမာဒွန်က ပြောဆိုရာတွင် အာဖရိက၏တတိယ အမြင့်ဆုံးတောင်ဖြစ်သော မာဂီရီယာတောင်ထိပ်တွင် လေယာဉ်အပျက်အစီးများကို တွေ့ရှိခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

ဒြပ်မှုန်ဆိုင်ရာ သုတေသနလုပ်ငန်းများတွင် အမေရိကန်၏ ဦးဆောင်မှု

လာမည့်နှစ်များ၌ လက်လွှတ်ဖွယ်ရှိ

လော့စ်အိန်ဂျလိစ် မေ ၂

အမေရိကန် ပြည်ထောင်စုသည် လာမည့်နှစ်များတွင် အခြေခံဒြပ်မှုန်ဆိုင်ရာ သုတေသနတွင် အမေရိကန်အနေဖြင့် ဦးဆောင်မှုအခန်းကဏ္ဍကို လက်လွှတ်ဆုံးရှုံးသွားကောင်းသွားနိုင်ကြောင်း အမျိုးသားသုတေသနကောင်စီ၏ အစီရင်ခံစာက သတိပေးလိုက်သည်။

ခြိမ်းခြောက်

ဒြပ်မှုန်ဆိုင်ရာ ရူပဗေဒပညာတွင် အမေရိကန်ပြည်ထောင်စုသည် ဦးဆောင်နိုင်သည့် သမိုင်းအစဉ်အလာရှိသော်လည်း၊ အခြားနိုင်ငံများက ဤကဏ္ဍတွင် အရင်းအနှီးများတိုးမြှင့်သုံးစွဲလာသည့်အတွက် အမေရိကန်အစီအစဉ်၏ ထူးချွန်မှုကို ခြိမ်းခြောက်လျက်ရှိကြောင်း အစီရင်ခံစာကဖော်ပြထားသည်။

အရင်းအနှီးများ

လွန်ခဲ့သည့် နှစ် ၅၀ တိုင်တိုင် ဒြပ်မှုန်ဆိုင်ရာ ရူပဗေဒပညာတွင် အမေရိကန်ပြည်ထောင်စုက ကမ္ဘာကို ဦးဆောင်ခဲ့သည်။ သို့သော်ယခုအခါ အခြားနိုင်ငံများ အထူးသဖြင့် ဥရောပနှင့် ဂျပန်နိုင်ငံတို့က အခြေခံသုတေသနလုပ်ငန်းတွင် အရင်းအနှီးများပုံအောလာသည်။

ထူထောင်မည်

ဒြပ်စင်၏ အခြေခံဖွဲ့စည်းမှုကို အသေးစိတ်နားလည်စေရန်လည်းကောင်း၊ စကြဝဠာကို ပိုမိုလေးနက်စွာနားလည်စေရန်လည်းကောင်း ဦးတည်ပေးသည့် ဒြပ်မှုန်ဆိုင်ရာ ရူပဗေဒပညာရပ်သည် သုတေသန လုပ်ငန်းများ အပေါ်မှီတည်တိုးပွားလာသည်။ အမေရိကန်၌ သုတေသနလုပ်ငန်းမှာ ၂၀၁၀ ပြည့်နှစ်တွင် ပိတ်ပစ်မည်ဟု ခန့်မှန်းထားသည်။ ဥရောပနျူကလီးယား သုတေသန ဌာန (စီအီးအိုင်)က ၂၀၀၇ ခုနှစ်တွင် သုတေသနဌာနကြီးတစ်ခု ထူထောင်မည်ဟုသိရသည်။

သတိပေး

အမေရိကန်အနေဖြင့် လာမည့်နှစ်များအတွင်း သုတေသနဌာနမဖွင့်လှစ်နိုင်လျှင် ပင်ကိုစွမ်းရည်ရှိသော ပညာရှင်များသည် အမေရိကန်ကို ကျောခိုင်းပြီး ဥရောပနှင့် ဂျပန်တို့သို့ သွားရောက်ကြမည်ဖြစ်ကြောင်း သတိပေးထားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရှေးအကျဆုံး ရွှေစာအုပ်

ရွှေများဖြင့်ပြုလုပ်ထားသော ရှေးအကျဆုံးစာအုပ်ကို တွေ့ရစဉ်။ (အောက်ပုံ)

ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့ အမျိုးသားပြတိုက်၌ ခင်းကျင်းပြသသော စာအုပ်ဖြစ်ပြီး စာရွက်နှင့်စာအုပ်အဖုံးများကို ရွှေများဖြင့်ပြုလုပ်ထားသည်။ ရွှေများဖြင့် ပြုလုပ်ထားသည့် စာအုပ်၏ သက်တမ်းမှာ ရှေးနှစ်ပေါင်း နှစ်ထောင်ခန့်က စာအုပ်ဖြစ်ပြီး မကြာမီက တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ပဟေဠိဉာဏ်စမ်းများပါသည့် ကမ္ဘာ့အကြီးဆုံး ပန်းချီကား

ပဟေဠိဉာဏ်စမ်းများပါသည့် ကမ္ဘာ့အကြီးဆုံး ပန်းချီကား တစ်ချပ်ကို တွေ့ရစဉ်။ (အပေါ်ပုံ)

ဂျာမနီနိုင်ငံ နူရင်ဘတ်မြို့လယ်တွင် လွန်ခဲ့သည့် ၁၅၀၅ ခုနှစ်က ပန်းချီကားပညာရှင် အယ်ဘတ်ဒူရာ ရေးဆွဲခဲ့သော ပန်းချီကားတစ်ချပ်ကို အများပြည်သူတို့အား ပြသခဲ့ရာ ၎င်းပန်းချီကားတွင် ပဟေဠိပုစ္ဆာပေါင်း ၁၇၀၀ ခန့်ပါဝင်ကြောင်း သိရသည်။ ကမ္ဘာပေါ်တွင် အကြီးမားဆုံး ပဟေဠိပုစ္ဆာ ဉာဏ်စမ်းများပါသည့် ပန်းချီကားအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်မည် ဖြစ်သည်။

(အင်တာနက်)

ကန့်ကွက်ဆန္ဒပြ

အမေရိကန်နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးဥပဒေကို မကျေနပ်၍ လော့စ်အိန်ဂျလိစ်မြို့တွင် ပြည်သူများ ကန့်ကွက်ဆန္ဒပြနေသည်ကို မေ ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

ဓားစာခံအဖြစ် အဖမ်းခံရသော အိန္ဒိယအင်ဂျင်နီယာ အာဖဂန်၌ သေဆုံးလျက် ပြန်လည်တွေ့ရှိ

ကဘူးလ် မေ ၂

ဓားစာခံအဖြစ်ဖမ်းဆီးခံထားရသော အိန္ဒိယအင်ဂျင်နီယာတစ်ဦး၏ အလောင်းကို အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကဘူးလ်ပြည်နယ်တွင် တွေ့ရှိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဧပြီ ၃၀ရက်က အတည်ပြုပြောကြားသည်။

အိန္ဒိယ အင်ဂျင်နီယာ ဆာရာနာရာရန်ဆိုသူအား တောင်ပိုင်း ကဘူးလ်ပြည်နယ်တွင် တာလီဘန် စစ်သွေးကြွများဟု သံသယရှိသူများက ကွပ်မျက်လိုက်ပြီးနောက် ဒေသဆိုင်ရာ အာဏာပိုင်များက တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ကျွန်ုပ်တို့သည် တနင်္ဂနွေနေ့ နံနက်ပိုင်းက ၎င်း၏အလောင်းကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ရာဂျူးခရိုင် အကြီးအကဲမိုဟာမက်မီရာက ဆင်ဟွာသတင်းဌာနသို့ သတင်းပေးပို့ခဲ့သည်။

အခိုင်အမာပြောဆို

၎င်းအင်ဂျင်နီယာသည် ဖမ်းဆီးထားသောနေရာမှ ထွက်ပြေးရန် ကြိုးပမ်းခဲ့ခြင်းကြောင့် သေနတ်သမားများက သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာ ထိုနေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားခြင်း ဖြစ်ကြောင်း တာလီဘန်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အက်မာဒီက အမည်မသိသော နေရာတစ်နေရာမှ အခိုင်အမာပြောဆိုခဲ့သည်။

တာလီဘန်နှင့် အဆက်အသွယ်ရှိသော သေနတ်သမားများက အိန္ဒိယအင်ဂျင်နီယာကို သောကြာနေ့က ပြန်ပေးဆွဲသွားခဲ့ကြပြီး ၎င်းအား လွတ်မြောက်အောင် ကြိုးပမ်းရန်အတွက် စနေနေ့မှစ၍ ၂၄နာရီ သတ်မှတ်ပေးခဲ့သည်။ ယင်းသတ်မှတ်ချက်သည် တနင်္ဂနွေနေ့ညနေ ၆ နာရီတွင် ပြီးဆုံးခဲ့သည်။

အင်ဂျင်နီယာအား ကွပ်မျက်လိုက်ချိန်သည် ၎င်း လွတ်မြောက်ရေးအတွက် ကြိုးပမ်းရန် အိန္ဒိယကိုယ်စားလှယ်များ ရောက်ရှိလာချိန်တွင် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဝိုင်အမ်ဘီအေ နှစ်တစ်ရာပြည့်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပရန်ပြင်ဆင်ထား

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၂

အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာအကျိုးကို အစဉ်သယ်ပိုးမည်ဟူသော ရည်ရွယ်ချက်ဖြင့် ၁၉၀၆ ခုနှစ် မေ ၁၀ရက်မှ စတင်ဖွဲ့စည်းခဲ့သော ဝိုင်အမ်ဘီအေအသင်းကြီးကား ယခုနှစ် မေ၁၀ရက်တွင် နှစ်ပေါင်းတစ်ရာပြည့်မြောက်တော့မည်ဖြစ်သည်။ နှစ်ပေါင်းတစ်ရာ သက်တမ်းကြာမြင့်ခဲ့ပြီဖြစ်သော ဝိုင်အမ်ဘီအေအသင်း၏ နှစ်တစ်ရာပြည့်ပွဲတော်ကိုလည်း ခြိမ့်ခြိမ့်သဲကျင်းပတော့မည်ဖြစ်ရာ ခင်းကျင်းပြသစီစဉ်ထားမှုများကို ဝိုင်အမ်ဘီအေအသင်းမှ တာဝန်ရှိသူများအား မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

° YMBA အသင်း၏ နှစ်တစ်ရာပြည့် ပွဲတော်နှင့် ပတ်သက်၍ ဦးကျော်သိန်းက မြန်မာ့အလင်းသို့ ရှင်းပြစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ခင်းကျင်းပြသမည်

ဝိုင်အမ်ဘီအေအသင်း နှစ်တစ်ရာပြည့် ပွဲတော်အတွက် ကြိုတင်ပြင်ဆင်ထားမှုနှင့်ပတ်သက်၍ ဝိုင်အမ်ဘီအေအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်သိန်းက ပြောကြားရာတွင်"အခု မေ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဝိုင်အမ်ဘီအေ နှစ်တစ်ရာပြည့်ပွဲတော်အခမ်းအနားကို ကျင်းပမည်ဖြစ်ကြောင်း၊ ပြခန်းလည်း ပြသမည်ဖြစ်ပြီး ပြခန်းတွင် နှစ်ပေါင်းတစ်ရာအတွင်း ဝိုင်အမ်ဘီအေအသင်း၏ အမျိုး၊ဘာသာ၊ သာသနာ၊ ပညာတို့နှင့် ပတ်သက်သော မှတ်တမ်းဝင်ဓာတ်ပုံများကိုခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း"ရှေးဦးစွာပြောကြားသည်။

ပြခန်းတွင် မှတ်တမ်းဓာတ်ပုံများ မည်မျှပါဝင်ပြီး မည်သည့်ပုံများ ပြသမည်ကို မေးမြန်းရာတွင် ဦးကျော်သိန်းက "စုစုပေါင်းမှတ်တမ်း ဓာတ်ပုံ ၂၀၀ ခန့်ပြသရန် စီစဉ်ထားကြောင်း၊ ပါဝင်ပြသမည့်ဓာတ်ပုံများမှာ ဝိုင်အမ်ဘီအေကို စဉ်ဆက်မပြတ် ဦးဆောင်လာခဲ့သော အသင်းနာယကနှင့် ဥက္ကဋ္ဌ ၃၃ ဦး၏ ပုံများ၊ ရှေးခေတ် ဝိုင်အမ်ဘီအေ အသင်းလှုပ်ရှားခဲ့ပုံများနှင့် ယခုခေတ် ဝိုင်အမ်ဘီအေအသင်း ဆောင်ရွက်ခဲ့ပုံများ ပါဝင်ကြောင်း" ပြောကြားသည်။

ဆက်လက်၍ "ကိုလိုနီခေတ်က နိုင်ငံခြားသားများ ဘုရားပေါ်ဖိနပ်စီးတက်မှုကို ဝိုင်အမ်ဘီအေက ကာတွန်း ဦးဘဂျမ်းလက်ရာဖြင့် သရော်ခဲ့သည့် ကာတွန်းပုံများ၊ မြန်မာနိုင်ငံတွင် ၁၉၄၈ခုနှစ်က ဝိုင်အမ်ဘီအေ၏ ပထမဦးဆုံး မင်္ဂလာ ဆုနှင်းသဘင်အခမ်းအနား ကျင်းပခဲ့ပုံများ၊ ၁၉၅၀-၅၁တွင် စတင်ဖွဲ့စည်းခဲ့သည့် ဝိုင်အမ်ဘီအေသင်း၏ မင်္ဂလာငွေပဒေသာပင်များ စုဆောင်းထားရှိရာဘဏ်တို့ကို ဓာတ်ပုံများနှင့် ဖော်ပြထားကြောင်း" မြန်မာ့အလင်းသို့ ဆက်လက်ပြောကြားသည်။

မှတ်တမ်းဓာတ်ပုံ

ဝိုင်အမ်ဘီအေအသင်း၏ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာတို့နှင့် ပတ်သက်သော သမိုင်းဝင်ရှားပါးဓာတ်ပုံများကို စုဆောင်းပြသထားမည်ဖြစ်သည့်အပြင် ယနေ့ခေတ်တွင် ဆောင်ရွက်မှု မှတ်တမ်းတင်ဓာတ်ပုံများ ပြသထားမည် ဖြစ်သည်။

အထူးသဖြင့်ဝိုင်အမ်ဘီအေအသင်း၏ ယဉ်ကျေးလိမ္မာမင်္ဂလာ သင်တန်းပို့ချမှုများ၊ သင်တန်းအောင်မြင်မှုကို ဆုချီးမြှင့်မှုများ၊ ပြည်တွင်းပြည်ပတွင် ဘာသာ၊ သာသနာအတွက် ကြိုးစားဆောင်ရွက်မှုများကိုလည်း မှတ်တမ်းဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြထားမည်ဖြစ်သည်။

YMBA အသင်းမှ ထုတ်ဝေခဲ့သော ရာပြည့်စာအုပ်များကို ဤသို့တွေ့ရသည်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ယခုခေတ်တွင် ဝိုင်အမ်ဘီအေအသင်း ဆောင်ရွက်မှုနှင့် ပတ်သက်ပြီး ဖော်ပြမည့် သတင်းဓာတ်ပုံများကို မေးမြန်းရာတွင် "ဝိုင်အမ်ဘီအေအသင်း အနေဖြင့် နှစ်စဉ်အသင်းဝင်အသက် ၇၅ နှစ်အထက် လူကြီးများအား သက်ကြီးပူဇော်ပွဲပြုလုပ်ပုံများ၊ မြန်မာစာပေ တိုးတက်ပြန့်ပွားရေးအတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအတွင်းမှ မြန်မာစာ အမှတ်အများဆုံး ရရှိသူများကို ဆုချီးမြှင့်ခဲ့ပုံများ၊ မြန်မာနိုင်ငံတစ်ဝန်း မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်သင်တန်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းနှင့် အဘိဓမ္မာ သင်တန်းတို့ဖွင့်လှစ်ခဲ့ပုံများပါဝင်မည်ဖြစ်ကြောင်း" ပြောကြားသည်။

ဆက်လက်၍ ဝိုင်အမ်ဘီအေ အလုပ်အမှုဆောင် ဒေါက်တာအောင်ကိုဦးအား မေးမြန်းရာ "ဝိုင်အမ်ဘီအေအသင်းအနေဖြင့် ပြည်ပသာသနာပြုမှတ်တမ်းအနေနှင့် ၁၉၈၀ ပြည့်နှစ်က ဂျပန်နိုင်ငံ မိုဂျီမြို့မှာကမ္ဘာ့အေးစေတီ ထီးတော်တင်နိုင်ခဲ့သည့် မှတ်တမ်းတင် ဓာတ်ပုံများလည်း ပြသထားပါကြောင်း၊ ထို့အပြင် နှစ်စဉ်မြန်မာနိုင်ငံတစ်ဝန်း ဝိုင်အမ်ဘီအေက ကြီးမှူးကျင်းပတဲ့ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲတွေမှာ ထူးထူးချွန်ချွန် အောင်မြင်သူများ၏ ဓာတ်ပုံများလည်း ပြသထားမည်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ယခုအခါ ဝိုင်အမ်ဘီအေအသင်းကြီး၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် အထူးတရားပွဲများလည်း ကျင်းပလျက်ရှိသည်။ အထူးအစီအစဉ်အနေဖြင့် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင် မေ ၉ ရက်နှင့် ၁၀ရက်တို့တွင် ဓာတ်ပုံပြခန်းပြုလုပ်ပြီးနောက် ဝိုင်အမ်ဘီအေအသင်းတည်ရှိရာ ရေကျော်တွင်လည်း မေ ၁၁၊ ၁၂ ရက်နှင့် ၁၃ ရက်တို့၌ မှတ်တမ်းဓာတ်ပုံများ ဆက်လက်ပြသသွားမည်ဖြစ်သည်။

ထို့ကြောင့် မြန်မာလူမျိုးတို့၏ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာအကျိုးကို ဦးထိပ်ထား အစဉ်သယ်ပိုးဆောင်ရွက်နေသော ဝိုင်အမ်ဘီအေအသင်းကြီး၏ နှစ်တစ်ရာပြည့်ပွဲတော်ကြီးကို မကြာမီ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်ကြောင်း သတင်းစကား ကြိုတင်ရေးသားလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

နှစ်တစ်ရာပြည့် YMBA အသင်း၏ အဆောက်အအုံကို ဤသို့တွေ့ရသည်။
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

အွန်လိုင်းစနစ်ဖြင့် စာမေးပွဲဖြေဆိုနိုင်မည်

စကော့တလန်နိုင်ငံရှိ ကျောင်းသူကျောင်းသားများသည် ယခုနှစ် ကျောင်းနေရာသီတွင် အွန်လိုင်း စာမေးပွဲများ ဖြေဆိုကြမည်ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ပထမဆုံး

အဆိုပါ အွန်လိုင်းစနစ်ဖြင့်စာမေးပွဲ ဖြေဆိုရန်အတွက် စာရင်းပေးသွင်းထားသူပေါင်း ၁၄၀၀၀၀ ရှိကြောင်း သိရသည်။ ယင်းကဲ့သို့ စာမေးပွဲဖြေဆိုခြင်းသည် စကော့တလန်နိုင်ငံတွင် ပထမဆုံးအကြိမ် ဖြစ်သည်။

ယခုလကုန်ပိုင်းတွင် စကော့တလန် နိုင်ငံတစ်ဝန်းလုံးရှိ ကျောင်းများနှင့် ကောလိပ်များမှ ကျောင်းသားကျောင်းသူ၁၂၀ခန့်သည် ကွန်ပျူတာများသုံး၍ ဇီဝနည်းပညာဗေဒဘာသာရပ်တွင် ဓမ္မဓိဋ္ဌာန်မေးခွန်းများဆိုင်ရာ စာမေးပွဲကိုဖြေဆိုရမည်ဟု ဆိုသည်။

စိုက်ထူ

ယင်းစာမေးပွဲကြီး ကျင်းပခြင်းမှာ ခေတ်မီစာမေးပွဲကြီးများ ကျင်းပရာတွင် ထူးခြားသောသမိုင်းမှတ်တိုင်ကို စိုက်ထူလိုက်ခြင်းဖြစ်ကြောင်း စကော့တလန် အရည်အချင်းစစ်ဆေးရေးအဖွဲ့က ပြောကြားလိုက်သည်။

ထူးခြား

စာမေးပွဲဖြေဆိုရန်စာရင်းပေးထားသူများအတွက် (Mouse) မောက်စ်ကို ဘောပင်အဖြစ်အစားထိုးလိုက်ခြင်းပင်ဖြစ်ကြောင်း၊ အခြားသောထူးခြားသည့် စာမေးပွဲများလည်း ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ယင်းစာမေးပွဲအတွက် ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ရ ကျောင်းသားသို့မဟုတ် ကျောင်းသူတစ်ဦးနှင့် စာမေးပွဲစောင့်ကြပ်သူ တစ်ဦးတို့သာလျှင် ကွန်ပျူတာဖန်သားပြင်ကို ကြည့်ခွင့်ရလိမ့်မည်ဖြစ်ကြောင်း၊ ယင်းသို့ အွန်လိုင်းစနစ်ဖြင့် ဖြေဆိုနေစဉ် အဖြေမှန်များကို စကော့တလန် အရည်အချင်းစစ်အဖွဲ့သို့ တိုက်ရိုက်စနစ်ဖြင့် ကွန်ပျူတာကိုသုံးစွဲဖြေဆိုပေးပို့ရမည်ဖြစ်ကြောင်းသိရသည်။

(ကိုးကား-အင်တာနက်)

အင်တာနက် သတင်း နှင့် ဓာတ်ပုံများ

❐ ကျောဖုံးမှ

ထိခိုက်နိုင်

အလွန်အမင်း ကိုယ်လက်လှုပ်ရှားမှုမပြုသင့်ကြောင်း၊ သာမန်ထက် ကိုယ်လက်လှုပ်ရှားမှု ပြင်းပြင်းထန်ထန် ပြုလုပ်လျှင် ခန္ဓာကိုယ်အတွင်းရှိ အကျိုးပြုအဆီဓာတ်များ လောင်ကျွမ်းသွားပြီး ကျန်းမာရေးထိခိုက်နိုင်ကြောင်း၊ ပုံမှန်ကိုယ်လက်လှုပ်ရှားမှုသည်သာ ကျန်းမာရေးကို အကျိုးပြုကြောင်းလည်း ပညာရှင် ကင်အာမီတက်က ပြောကြားသည်။ (အပေါ်ပုံ)

ထို့အပြင် လမ်းလျှောက်ရာတွင် ခြေတစ်ဖက်တစ်ချက်နှင့် မိမိကျောဘက်၌ အလျှော့အတင်းပြုလုပ်၍ ရသောကြိုးဖြင့် သိုင်းချည်ကာ လမ်းလျှောက်ခြင်းသည်လည်း ခန္ဓာကိုယ်ရှိ သွေးကြောများ ပိုမိုပွင့်စေပြီး အရိုးအဆစ်များကို ပိုမိုခိုင်မာစေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ (ကိုးကား-အင်တာနက်)

မြန်မာ့ရှုခင်းအလှကို စူးရှထက်မြက်စွာ ဖော်ကျူးခြယ်မှုန်းထားသည့် မြန်မာပန်းချီဆရာများ၏ "အရောင်လှိုင်း" ပန်းချီပြပွဲကို ခံစားရေးဖွဲ့ခြင်း

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၂

မြန်မာ့ပန်းချီကို အဆင့်အတန်းမြင့်သည်ထက်မြင့်အောင် ကြိုးပမ်းနေသော မြန်မာပန်းချီပညာရှင်များ၏ လက်ရာများကား တစ်နေ့တခြား ထူးခြားစွာ ပေါ်ထွက်လျက်ရှိသည်။ ထူးခြားသော ရေးဟန်၊ အမြင်၊ အတွေးနှင့် ခံစားသရုပ်ဖော်မှုများကလည်း ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်သည်ဖြစ်ရာ မြန်မာ့ပန်းချီ၏အနာဂတ်သည် အားတက်ဂုဏ်ယူစရာများဖြင့် ပြည့်လျှမ်းသည်။

အရောင်လှိုင်း

ထိုသို့အရည်အသွေးကောင်းများနှင့်ပြည့်စုံသော **"အရောင်လှိုင်း"** အမည်ရှိ ပန်းချီပြပွဲ တစ်ရပ်ကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေးအရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံပန်းပညာရှင်များအသင်း(ဗဟို)ပြခန်း၌ မေ ၃ ရက်မှ ၉ ရက်အထိ ခင်းကျင်းပြသလျက်ရှိသည်။

ပန်းချီဆရာ ၁၀ ဦး

ပန်းချီပြခန်းအတွင်း၌ အရောင်စုံကူးယှက်ဆက်နွှယ်နေသော လှိုင်းတစ်ခုအတွင်း ရောက်ရှိနေသည့်နှယ် ခံစားရသည်။ အရောင်များကို ကျွမ်းကျင်နိုင်နင်းစွာ ရေးဆွဲထားသော ရန်ကုန်မြို့ ကမာရွတ်မြို့နယ်မှ ပန်းချီဆရာ ၁၀ ဦး၏ လက်ရာမြောက် ပန်းချီကားပေါင်း ၈၀ ကို ပြသထားရာ ရှုမငြီးဖွယ်ရာပင်ဖြစ်သည်။

ပြသထားသည့် ပန်းချီကားများမှ ပန်းချီ နန္ဒာလှိုင် ရေးဆွဲသည့် **"ရိဒ်ရေအိုင်"** ဆီဆေးပန်းချီကားမှာ ချင်းပြည်နယ်ရှိ ရိဒ်ရေအိုင်ကြီးအလှကို တောင်စောင်းအမြင့်တစ်နေရာမှ မြင်တွေ့ရသည့်ပုံ ရေးဆွဲထားခြင်းဖြစ်သည်။ အစိမ်း၊ အနီ၊ အနက် အရောင်သုံးမျိုးကို အဓိကအားပြုရေးဆွဲထားပြီး သဘာဝအတိုင်း အမြင်ရှင်းရှင်းဖြင့် ရေးဆွဲထားရာ ရိဒ်ရေအိုင်၏ သဘာဝမြင်ကွင်းကို မိမိကိုယ်တိုင်မြင်တွေ့နေရသကဲ့သို့ ခံစားရသည်။ မြန်မာပြည်၏ ထူးခြားကျော်ကြားသော ရိဒ်ရေအိုင်ရှုခင်းကို ပြခန်းလာပြည်သူတို့ စိတ်ဝင်စားဖွယ် မြင်တွေ့ရမည်ဖြစ်သည်။

မြင်ကွင်းအလှ

တစ်ဖန် ပန်းချီမျိုးဆက်၏ **"ဦးပိန်တံတား"** အမည်ရှိ ပန်းချီကားမှာလည်း အခရိုင်းလစ်နှင့် ရေဆေးတို့ဖြင့် ရေးဆွဲထားခြင်းဖြစ်ပြီး ၂၂ "X ၃၃" ဆိုဒ်ရှိသော ပန်းချီကားဖြစ်သည်။ ညနေဆည်းဆာအချိန် ဦးပိန်တံတား၏ မြင်ကွင်းအလှကို လိုက်ဖက်သည့် အရောင်များဖြင့် ဖော်ကျူးထားရာ ဦးပိန်တံတားကို ရောက်ဖူးသူများ ပြန်သတိရစေမည်ဖြစ်ပြီး မရောက်ဖူးသူများအတွက် အရောက်သွားချင်သည့် ဆန္ဒများဖြစ်ပေါ်စေရန် ဖမ်းစားနိုင်သည့် ပန်းချီကားတစ်ချပ်ပင်ဖြစ်သည်။

ဘဝအားမာန်

ပန်းချီဆရာကြည်ဇော်၏ ပန်းချီကားမှာလည်း တစ်မျိုးတစ်ဘာသာ ထူးခြားနေသည်။ **"သယ်ဆောင်သူ"** ဟု အမည်ပေးထားသည့် ကြည်ဇော် ၏ ပန်းချီကားမှာ ခရီးသွားရင်း တွေ့မြင်ရသည့်နှယ်။ ကလောပုံရိပ်ပန်းချီကားမှာ ဆီဆေးကိုဓားဖြင့်ရေးဆွဲထားခြင်းဖြစ်သည်။ ထို့အပြင် သန့်ဇင်၏ **"ပုဂံပုံရိပ်"** ပန်းချီကားမှာလည်း ပုဂံရှိ ဘုရားတစ်ဆူအနီး ဘုရားဖူးမြင်းလှည်းတစ်စီး ဖြတ်သန်းနေပုံဖြစ်သည်။ ဆီဆေးကို ဓားဖြင့်ရေးဆွဲထားရာ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ကို

ကားတစ်ချပ်ဖြစ်ရာ အလင်းအမှောင်သဘောကို အရယူအမိဖမ်းရေးဆွဲထားခြင်းကြောင့် ကြည့်ရှုလေ့လာသူကို ငေးမောသွားစေသည့် ပန်းချီကားဖြစ်သည်။ ဓာတ်ပွဲ၊ အငြိမ့်ပွဲများတွင် ကန့်လန့်ကာများ နောက်ကွယ်မှ အငြိမ့်မင်းသမီးများ၏ အနေအထားကို အလင်းအမှောင်ဖြင့် ရေးဆွဲတင်ပြရသည့် ရှုခင်းကို အမိအရ ရေးဆွဲထားခြင်းဖြစ်သည်။ လှေတစ်စင်းဖြင့် သစ်သီးများကို သယ်ဆောင်လာသည့် လူတစ်ဦးပုံကို ပန်းချီပညာဖြင့် ရသမြောက်စွာရေးဆွဲထားရာ လှိုင်းလေအကြားတွင် ဝမ်းရေးအတွက် သဘာဝဘေးအန္တရာယ်များကို အံတုကာကြိုးစားရုန်းကန်နေသူ တစ်ဦး၏ သွင်ပြင်ကို အသက်ဝင်စွာ တွေ့မြင်ခံစားရသည်။ ပန်းချီကားကိုကြည့်ရင်း ရုန်းကန်နေရသည့် ဘဝအားမာန်များကို ပိုမိုတွန်းအားပေးလိုက်သည့်နှယ် အားအင်များ တက်ကြွ ပြည့်ဖြိုးလာစေသည်။

ထိထိမိမိ

"ကချေသည်" အမည်ရှိ ပန်းချီကားမှာ ပန်းချီလူမင်းရေးဆွဲထားခြင်းဖြစ်သည်။ အခရိုင်းလစ်နှင့် ရေးဆွဲထားခြင်းဖြစ်ပြီး ၄၈"x၄၈ "ဆိုဒ်ကြီးပန်းချီ ထားခြင်းဖြစ်ရာ သရုပ်မှန်ပန်းချီရေးဆွဲနည်းဖြင့် အမှောင်ထဲမှ အလင်းကို ထိထိမိမိရေးဆွဲထားခြင်းဖြစ်သည်။

သန့်ဇင်ရေးဆွဲသည့် **"ကလောပုံရိပ်"** ပန်းချီကားမှာ ရှမ်းပြည်နယ် ကလောနှင့် ပင်လောင်းအနီး မင်းမထီးတောင်ခြေ၏ လှပသောရှုခင်းများကို အရောင်များဖြင့် တင်ပြထားခြင်းဖြစ်သည်။ ရှမ်းပြည်နယ် သဘာဝအလှအပများကို ပကတိအတိုင်း မြင်တွေ့ အရောင်တစ်ခုလွှမ်းထားသည့် ရေးခြယ်မှုဖြင့် အရောင်သွင်းရေးဆွဲထားခြင်းဖြစ်သည်။ ရေးဆွဲပုံအားကောင်းသဖြင့် ကြည့်ရှုသူတို့ ပုဂံဒေသသို့ ကိုယ်တိုင်ရောက်နေဘိသကဲ့သို့ ခံစားရသည်။

ထို့ကြောင့် မြန်မာ့အလှ၊ မြန်မာ့ရှုခင်းများကို စူးရှဆန်းသစ်သော အတွေးအခေါ်၊ ထိမိသောစုတ်ချက်ဖြင့် ရေးဆွဲဖော်ကျူးထားသော **"အရောင်လှိုင်း"** ပန်းချီပြပွဲသည် အဆင့်အတန်းမြင့်သော ပန်းချီဆရာများ၏ လက်ရာမြောက်ပန်းချီကားများ ဖြစ်ပါကြောင်း ခံစား ဖော်ညွှန်း ရေးဖွဲ့လိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့ယဉ်ကျေးမှု ပုဂံပုံရိပ်

ပန်းချီသန့်ဇင်၏ ပုဂံပုံရိပ် ပန်းချီကားမှာလည်း မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ကို ဆီဆေးကို ဓားဖြင့် ရေးဆွဲထားရာ ကြည့်ရှုသူတို့အဖို့ ပုဂံဒေသသို့ ရောက်နေသည့်နှယ် ခံစားကြရမည်။

ဓာတ်ပုံတင်စိုး (မြန်မာ့အလင်း)

ဦးပိန်တံတား ဆည်းဆာချိန်

ညနေဆည်းဆာအချိန် ဦးပိန်တံတားကိုရောက်ဖူးသူများ ပြန်ပြောင်းသတိရစေမည်ဖြစ်ပြီး မရောက်ဖူးသူများအတွက် အရောက်သွားချင်သည့် ဆန္ဒ များ ဖြစ်ပေါ်စေရန် ဖမ်းစားနိုင်သည့် ပန်းချီမျိုးဆက်၏ ရေဆေး ပန်းချီကားကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)



သစ်သီးများဖြင့် လှေတစ်စင်း

လှိုင်းလေအကြားတွင် ဝမ်းရေးအတွက် သဘာဝဘေးအန္တရာယ်များကို အံတုကာ ကြိုးစားရုန်းကန်၍ လှေတစ်စင်းဖြင့် သစ်သီးများကို သယ်ဆောင်လာသူတစ်ဦး၏ "သယ်ဆောင်သူ"ဟု အမည်ပေးထားသော ပန်းချီဆရာကြည်ဇော်၏ အခရိုင်းလစ်နှင့် ရေးဆွဲထားသော ပန်းချီကားကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

The Commerce Journal အတွဲ ၆၊ အမှတ်(၈)ဖြန့်ချိ

ရန်ကုန် မေ ၂

The Commerce Journal အတွဲ(၆) အမှတ်(၈)ကို ဖြန့်ချိ လိုက်ပြီဖြစ်သည်။ အဆိုပါ ဂျာနယ်တွင် တရုတ်(ကွမ်ရှီး)-မြန်မာ ရင်းနှီးမြှုပ်နှံမှု သတင်း၊ သရက်သီး တင်သွင်းမှုနှင့် ပတ်သက်၍ တရုတ်နိုင်ငံမှ လိုအပ်ချက်အသစ်များထုတ်ပြန်၊ ရှောက်သံပရာ အခွံများမှ အီသနောလောင်စာ ထုတ်လုပ်နိုင်မှု၊ တရုတ်နိုင်ငံသို့ သရက်သီးများ ဦးဦးဖျားဖျားတင်ပို့၊ ဒီဂျစ်တယ် လိုက်(ဖ်)စတိုင်၊ ဆိုးရာမှ ကောင်းလာတဲ့ ရှရှားစီးပွား၊ အောင်မြင်ချမ်းသာနည်း ၁၀၀၊ ကွမ်းယာစီးပွား-ကွမ်းယာဈေးကွက်၊ အာရှရဲ့အရပ်အရှည်ဆုံး သူလေး၊ အိန္ဒိယမှာ အဖိုးတန် ကျောက်မျက်ရတနာများ တင်သွင်းခြင်းဆိုင်ရာ စံများလျှော့ချ၊ လေးဆယ်ကျော်ထဲမှာ ထိပ်ဆုံးက ရှာရွှန်စတုန်း၊ ကော်တလာပြောတဲ့ မားကက်တင်းစသည့် သတင်းများ အပြင် မောင်စူးစမ်း၊ ကြည်မင်း၊ ကြည့်ရွှန်း၊ ဟံသာထွန်း၊ မောင်ပုဆိုးကြမ်း၊ ကျွန်းသားငမန်း၊ သိန်းမြသိန်းတို့၏ သုတ ရသစုံ ဆောင်းပါးများ၊ နယ်စပ်စခန်းအလိုက် ပို့ကုန်သွင်းကုန်ဇယား၊ ဆရာစံဇာဏီဘို၏ အမည်ဟောကိန်း၊ ဖက်ရှင်၊ ရုပ်ရှင်သတင်းများဖြင့် ဝေဝေဆာဆာဖော်ပြထားပြီး အမှတ် (၃၈) လမ်း(၃၀) ပန်းဘဲတန်းမြို့နယ် က တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နည်းပညာကွာဟမှုကိုအခွင့်ကောင်းယူပြီးမီဒီယာတချို့မှ ဟုတ်မမှန်ဝေဖန်ပြောဆိုရေးသား ပြည်တွင်းရေးစွက်ဖက်မှုများပုံနှိပ်မီဒီယာ၊ လူလူချင်းဆက်သွယ်မှုမီဒီယာဖြင့် တန်ပြန်ချေဖျက်

တိုင်းရင်းသားပြည်သူများအကြား ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ရှင်သန်နေအောင်ကြိုးပမ်း ပြန်ကြားရေးမှူးကောင်းများနှင့် ဆက်သွယ်ရေးမှူးကောင်းများဖြစ်အောင်လေ့လာဆည်းပူး

ရန်ကုန် မေ ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အခြေခံသတင်းစာပညာသင်တန်းအမှတ်စဉ်(၅)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံး ခန်းမဆောင်၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းတက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ (အောက်ပုံ)

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီးသူရဦးအေးမြင့်၊ ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ ဒုတိယဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ဒုတိယမြို့တော်ဝန် ဦးမောင်ပါ၊ ဌာနမှူးများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းက သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် အသင်းကြီး စတင်ဖွဲ့စည်းစဉ်ကစ၍ ပြဋ္ဌာန်းထားသည့် ရည်ရွယ်ချက် (၅)ရပ်၊ အခြေခံမူ (၄)ချက်၊ ကတိသစ္စာ(၄)ရပ်၊ ကျင့်ဝတ် (၁၁)ပါး၊ တာဝန်ဝတ္တရား (၁၄)ရပ်ကို လိုက်နာပြီး နှစ်စဉ်ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။ သက်တမ်း ၁၂ နှစ်ကျော် ကာလအတွင်းတွင် ဗဟိုအဆင့်မှ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ကျေးရွာအဆင့်အထိ အသင်း အဆင့်ဆင့်ကို ကျစ်လျစ်ခိုင်မာစွာ ဖွဲ့စည်းတည်ဆောက်ခဲ့ပြီး အေးချမ်းတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင် ဆောင်ရွက်နေပါကြောင်း၊ အသင်းဝင်များ၏ စွဲမြဲခိုင်မာသည့် ယုံကြည်ချက်၊ ခံယူချက်များနှင့် ပြည်သူ့ အကျိုးပြုလုပ်ငန်းများတွင် လက်တွေ့ကျကျအကျိုးရှိရှိ အကောင်အထည် ဖော်နိုင်မှုများအပေါ် နယ်မြေလူထုက လက်ခံယုံကြည်ပြီး ပူးပေါင်းပါဝင်လာကြသည်မှာ ယခုဆိုလျှင် အသင်းဝင်အင်အား၂၃သန်း တစ်သိန်းကျော် ရှိလာပြီဖြစ်ကြောင်း။

အရေးအတွက်သာမက အရည်အချင်းပါပြည့်ဝရေးအတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများဖွင့်လှစ်ပြီး လေ့ကျင့်ပျိုးထောင်ပေးနေကြောင်း၊ ကိုယ်ရည်ကိုယ်သွေး၊ ပင်ကို အရည်အချင်းကောင်းများနှင့် အပတ်တကုပ်ကြိုးစားအားထုတ်သည့်လူတော်များ၊ ကိုယ်ကျင့်တရား၊ အကျင့်သိက္ခာ သီလကောင်းပြီး အများအပေါ်ကောင်းသည့် လူကောင်းများ၊ နိုင်ငံတော်အတွက် စွန့်လွှတ်စွန့်စားသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးနေခြင်းသည် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်ကြီးအတွက် ပံ့ဖော်ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ပါကြောင်း။

တန်ပြန်ချေဖျက်

နည်းပညာကွာဟမှုကို အခွင့်ကောင်းယူပြီး ပြည်တွင်းပြည်ပအဆိုးမြင် လက်တစ်ဆုပ်စာ မီဒီယာတချို့က မဟုတ်မမှန်ဝေဖန်ပြောဆိုရေးသားထုတ်လွှင့်ပြီး ပြည်တွင်းရေးဝင်ရောက်စွက်ဖက်နေမှုများကို အီလက်ထရွန်နစ်မီဒီယာ၊ အိုင်တီမီဒီယာ၊ ပုံနှိပ်မီဒီယာ၊ လူလူချင်းဆက်သွယ်မှု မီဒီယာများပေါင်းစပ်ပြီး တန်ပြန်ချေဖျက်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် အေးချမ်းတည်ငြိမ်ရေး၊ အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကလိုအပ်ချက်သုံးရပ်ဖြစ်ကြောင်း။

စည်းလုံးညီညွတ်ရေးကို ဦးစားပေး တည်ဆောက်နိုင်ခဲ့သဖြင့် အေးချမ်းတည်ငြိမ်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ အစိုးရ၊ ပြည်သူ၊ တပ်မတော် ပူးပေါင်းပြီး ဖွံ့ဖြိုးတိုးတက်ရေးကို နေ့မအား ညမနား အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းရေးအတွက် ကိုယ့်အားကိုယ်ကိုးပြီး ပြည်တွင်းအမျိုးသား စွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊အမျိုးသားပညာရည်မြင့်မားရေးကို စီမံချက်ချမှတ်ဆောင်ရွက်နေကြောင်း။

အခြေခံကောင်းများရရှိ

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီထွန်းကားရေးနှင့် တည်တံ့ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် အေးချမ်းတည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှု အခြေခံကောင်း၊ နိုင်ငံတော်၏ စီးပွားရေးခိုင်မာ တောင့်တင်းမှု အခြေခံကောင်း၊ လူ့စွမ်းအားအရင်းအမြစ် အခြေခံကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့်အတူ ဒီမိုကရေစီအသွင် ကူးပြောင်းရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး ဦးတည်ချက်ရှိရှိ၊ အစီအစဉ်ရှိရှိ စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းကြီးကလည်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကို ကျရာအခန်းကဏ္ဍက တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်နေကြောင်း။

ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်သည် မည်သည့်အဖွဲ့အစည်း၊ မည်သည့်လူမျိုး၊ မည်သည့်အယူဝါဒကိုမှ အခြေခံသည့်စိတ်ဓာတ်မဟုတ်ဘဲ တစ်မျိုးသားလုံးနှင့်သက်ဆိုင်သော အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးကိုချစ်တတ်သောစိတ်ဓာတ်ဖြစ်ကြောင်း၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်သည်ဒို့တာဝန်အရေးသုံးပါး၏ အခြေခံဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ခံယူသူများကသာ နိုင်ငံတော်ကြီးကို အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူများကြား ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန်ထွန်းကားအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်-

- သင်တန်းသားများဟာ ပြည်နယ်၊ တိုင်းအသီးသီးက ရွေးချယ်တာဝန်ပေးသူများဖြစ်ကြလို့ သင်တန်းမှာသာမက နေထိုင်သွားလာ ပြုမူဆက်ဆံရာမှာပါစံနမူနာပြနေထိုင်ပြီး ပေးအပ်သည့်တာဝန်ကို အောင်မြင်ကျေပွန်အောင်ဆောင်ရွက်ကြပါ။
- လေ့ကျင့်ပို့ချမှုများသည် ငွေအား၊ လူအား၊ ပစ္စည်းအား၊ စေတနာအားဖြင့် အချိန်ယူ လေ့ကျင့်ပျိုးထောင်ပေးနေခြင်းကိုနားလည်ပြီး နိုင်ငံတော်နှင့် အသင်းကြီးကအားထားရသည့် အရည်အချင်း၊ အရည်အသွေးပြည့်ဝသော ပြန်ကြားရေးမှူးကောင်းများ၊ ဆက်သွယ်ရေးမှူးကောင်းများဖြစ်လာအောင် ကြိုးစားလေ့လာဆည်းပူးကြပါ။
- တိုင်းရင်းသား ပြည်သူများကြား ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်နှင့် နိုင်ငံ့အကျိုး၊ပြည်သူ့အကျိုးသယ်ပိုးပြုစိတ်များ ရှင်သန်ထွန်းကားပြန့်ပွားနေအောင်ဆောင်ရွက်ကြပါ။
- တာဝန်၏အရေးပါမှုကိုနားလည်ပြီး ဒို့တာဝန်အရေးသုံးပါးကို ခံယူ၊ ဦးတည်ချက်(၁၂)ရပ်နှင့်အညီ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး၊ အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေးကို တာဝန်သိသိ၊ သစ္စာရှိရှိ ဆောင်ရွက်သွားကြပါ

ဟု ပြောကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုလုပ်အမှုဆောင်များသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ၅၂ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တကိုးပတ်ကြာမြင့်မည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မိုးကောင်းဆုတောင်းပြည့်စေတီတော် အနေကဇာတင်ပူဇော်ပွဲနှင့်ထီးတော်တင်ပွဲ

ရန်ကုန် မေ ၂

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့် စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဦးကျော်မင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်သော သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းထွန်းနှင့် ဦးကိုကိုကြီးတို့ ဦးဆောင်ပြီး သံဃာတော် ၁၀၈ ပါးတို့ဖြင့် ကဆုန်လပြည့် ဗုဒ္ဓနေ့ဖြစ်သော မေ ၁၁ ရက်(ကြာသပတေးနေ့)နံနက် ၇ နာရီတွင် ဘုရားအနေကဇာတင် အလှူတော်မင်္ဂလာ ကျင်းပခြင်းနှင့် မဟာဗုဒ္ဓဝင် အဆောက်အအုံ ထီးတော်မင်္ဂလာကို ကျင်းပမည်ဖြစ်သည်။

စေတီတော်မြတ်ကြီးအားလုံးတော် ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ ဗုဒ္ဓဝင်ရုပ်ကြွပြခန်းများ တည်ဆောက်ခြင်း၊ သတ္တဌာနမုခ်ဦးများ ဆောက်လုပ်ခြင်း၊ ကမ္မဋ္ဌာန်းကျောင်းဆောင်များ အသစ်ဆောက်လုပ်ခြင်း၊ ရင်ပြင်တော် တနင်္ဂနွေထောင့်ရှိ စေတီပြုပြင်မွမ်းမံခြင်းနှင့်စနေထောင့်မြေစိုက်အရံစေတီတော် ပြုပြင်ခြင်းအပြင် စနေ၊ ဗုဒ္ဓဟူး၊ ရာဟုထောင့်ဘုရားများ ရောင်တော်ဖွင့်ခြင်း၊ရှင်အဇ္ဇဂေါဏ (ဂူစေတီ) ပြုပြင်မွမ်းမံခြင်း၊ ရှင်ဥပဂုတ္တကျောင်းဆောင် ဖောင်တော်မွမ်းမံခြင်း၊ မုခ်လေးမုခ် မီးဆလိုက်တပ်ဆပ်ခြင်း၊ အရှေ့ဘက်မုခ်နှင့် အနောက်ဘက်မုခ်တို့ လှေကား ကြွေပြားခင်းခြင်း၊ စိန်ဖူးတော် လုံခြုံရေးအတွက် စီစီတီဗွီကင်မရာ တပ်ဆင်ခြင်း၊ ဓာတင်္ဂတန်ဆောင်း ရွှေသာလျောင်း တန်ဆောင်းများပြုပြင်မွမ်းမံခြင်း၊ သာစုဇနဟိတကာရီတန်ဆောင်းမှ မိုးကောင်းစုပေါင်းဝေယျာဝစ္စနှင့် သန့်ရှင်းရေးအသင်းဥက္ကဋ္ဌ ဦးအောင်စိုးက ဘုရားကြီးအထက်ပစ္စယာတွင် ဆင်းတုတော် ၁၁၇ ဆူ လှူဒါန်းမှုများအတွက် အလှူရှင်များနှင့် ပါရမီရှင်များ ပါဝင်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၅-၂၀၀၆(ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	အံ့မခန်းဖူးတွေ့စရာ အလောင်းတော်ကဿပလိုဏ်ဂူမှာ
၇း၃၀	ပြည်တွင်းသတင်းအကျဉ်း
၇း၄၀	စိုက်ပျိုးဖို့ လွယ်ကူစေမှာ ကောက်ရိုးမှိုပါ
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	ကြက်၊ ငှက်တုပ်ကွေး အကြောင်း သိကောင်းစရာ
၈း၁၅	Myanmar Video Rhythm
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	အမျိုးသား ကန်တော်ကြီး ဥယျာဉ်(သဘာဝငှက်ဥယျာဉ်)
၉း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၂၀	သဘာဝအစွမ်းသတ္တိ မြန်မာ့စိမ်းပြာရေညှိ
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	ငွေတောင်သူတို့ရိုးရာ ဂျပ်ခုတ်အထည်ရတနာ
၉း၅၀	မိုးလေဝသခန့်မှန်းချက်
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	နိုင်ငံတကာအနုပညာရေးရာ
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၀	လေ့လာမှတ်သားစေရန် ဘောလုံးအားကစားအခြေခံ
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	အလှတွင်အယဉ်ဆင့် အမြင်တင့်ဖွယ်နည်း အသွယ်သွယ်
၁၁း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	သိမှတ်စရာ ဆေးပညာ (အပိုင်း-၂)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မီးသတ်ကျင့်ဝတ်စာမေးပွဲဗဟိုအဆင့်ယှဉ်ပြိုင်

ရန်ကုန် မေ ၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးသတ်ကျင့်ဝတ်စာမေးပွဲ ဗဟိုအဆင့်ယှဉ်ပြိုင်ဖြေဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာနချုပ်၌ ကျင်းပသည်။

မီးသတ်တပ်ဖွဲ့ကျင့်ဝတ်စာမေးပွဲ ဗဟိုအဆင့်ယှဉ်ပြိုင်ဖြေဆိုခြင်းအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် အရာရှိကြီးများက မီးသတ်တပ်ဖွဲ့ဝင်အရာရှိအဆင့်၊ အကြပ်အဆင့်၊ တပ်သားအဆင့် ယှဉ်ပြိုင်ဖြေဆိုသည့်နေရာများသို့ လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ဆုရရှိသူများအား မေ၅ရက်တွင်ကျရောက်မည့် မီးသတ်ဦးစီးဌာန၏ နှစ် (၆၀)ပြည့်မီးသတ်တပ်ဖွဲ့နေ့ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းခံယူ

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal, Chalit Pukbhasuk တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)



● **ရှေ့ဖုံးမှ**

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံ–ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ ဂုဏ်ပြုခံ ခန်းမဆောင် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဧည့်သည်တော် ထိုင်းဘုရင့်လေတပ် ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် တပ်မတော်ဧည့်ဂေဟာသို့ ထွက်ခွာကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီးနှင့် အဖွဲ့ဝင်များက ပို့ဆောင် နှုတ်ဆက်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းသည် နံနက် ၁၀နာရီခွဲတွင် ထိုင်းနိုင်ငံ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal, Chalit Pukbhasuk နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေဟုသ သီရိပိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ထိုင်းဘုရင့် လေတပ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များနှင့် အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် စစ်သံမှူး Colonel, Prissapa Suvanatat တို့ တက်ရောက်ကြသည်။

ယင်းနောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တာဝန်ရှိသူများ လိုက်ပါလျက် မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်နှင့် တာဝန်ရှိသူများကကြိုဆိုကြပြီး ဧည့်ခန်းမဆောင်၌ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားကာ လေတပ်စခန်းဌာနချုပ် သမိုင်းကြောင်းနှင့် သိကောင်းစရာများကို ဗီဒီယိုဖြင့် ရှင်းလင်းတင်ပြသည်။

လက်မှတ်ရေးထိုး

ဆက်လက်၍ ထိုင်းနိုင်ငံ ထိုင်းဘုရင့် လေတပ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့ သွားရောက် ကြည့်ရှုလေ့လာကြရာ ကာကွယ်ရေးဝန်ကြီးဌာန စစ်သမိုင်းပြတိုက်နှင့် တပ်မတော် မော်ကွန်းတိုက်မှူးရုံးမှဒုတိယဗိုလ်မှူးကြီး ဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြခန်းများအလိုက် လှည့်လည် ရှင်းလင်းပြသကြသည်။ ယင်းနောက် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်သည် ပြတိုက်ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ရတနာရောင်းဝယ်ရေး

ထိုမှတစ်ဆင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိကြရာ မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြခန်းများအလိုက် လှည့်လည် ရှင်းလင်းပြသကြသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းသည် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့် လေတပ် ဦးစီးချုပ် Air Chief Marshal, Chalit Pukbhasuk နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာ စားပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီး ဒေါ်ထွေးထွေးညွန့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းနှင့်ဇနီး၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်နှင့်ဇနီး၊ မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးချုပ်ရဲချစ်ဖေနှင့် ဇနီးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့် ဇနီးနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့် အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် စစ်သံမှူး Colonel, Prissapa Suvanatat တို့ တက်ရောက်ကြသည်။

ဖျော်ဖြေတင်ဆက်

ညစာ မသုံးဆောင်မီနှင့် ညစာ သုံးဆောင်နေစဉ်အတွင်း တပ်မတော်(လေ)ခေတ်ပေါ် တေးဂီတအဖွဲ့က တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး၍ အလှူငွေများကို ပေးအပ်လှူဒါန်းကာ စေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal, Chalit Pukbhasuk တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (သတင်းစဉ်)

ဂုဏ်ပြုညစာစားပွဲတည်ခင်းဧည့်ခံ

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း ထိုင်းနိုင်ငံ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal, Chalit Pukbhasuk နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် ကဆုန်လဆန်း ၇ ရက်
(အဖိတ်နေ့)
၃–၅–၂၀၀၆ရက်(ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချို့အေး မင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၅ ၇။ အဆိုပြိုင်ပွဲ
၈:၂၅ ၈။ မြန်မာ့မီးရထားစွမ်းအားကျောက်ရေတွင်းခုံးကျော်တံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၂၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၀၀ ၅။ မြန်မာစာ မြန်မာစကား
၁၇:၁၅ ၆။ သီချင်းကြီးပဒေသာ
၁၇:၃၀ ၇။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း–၂) ဝါးခယ်မရဲမောင်၊ ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြည်ဦး (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၇:၄၅ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ သုတစုံလင် ရွှေညာဏ်ရှင်
၁၉:၀၀ ၁၂။ အရေးပြိုင်ပွဲ
၁၉:၁၀ ၁၃။ တေးဂီတအစီအစဉ်
၁၉:၂၅ ၁၄။ အတီးပြိုင်ပွဲ
၁၉:၃၅ ၁၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၉:၄၅ ၁၆။ ဖွံ့ဖြိုးမှုစုံစုံလင် စံပြကျေးရွာ မင်းတိုင်ပင်
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ **"ဝိဓူရဇာတ်တော်ကြီး"** (ရန်ကုန်တိုင်း) [ပထမပိုင်း]
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

မြန်မာ–အိန္ဒိယ ချစ်ကြည်မှုအထိမ်းအမှတ် ဝိပဿနာစေတီတော်

မျိုးဇေမြိုး

မြန်မာနိုင်ငံ ရန်ကုန်မြို့၌ တည်ထားကိုးကွယ်သော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ကမ္ဘာ့အံ့ဖွယ်တစ်ပါးတွင် အထင်ကရ ပါဝင်သည်။ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ထူးခြားအံ့ဩဖွယ် ဂုဏ်ထူးဝိသေသများကြောင့် နိုင်ငံတကာမှ လာရောက်ဖူးမြော် ကြည်ညိုသူများ အမြဲမပြတ် ရှိနေသည်။

ယခုအခါ ဗုဒ္ဓသာသနာတော် စတင်ထွန်းကားရာ အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ပုံစံတူကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီးတစ်ဆူကို စတင်တည်ထားကိုးကွယ်လျက်ရှိသည်။ လူဦးရေ ၁၅သန်းနေထိုင်ပြီး နေ့စဉ် နိုင်ငံခြားသား အများအပြားလာရောက်လျက်ရှိသည့် စီးပွားရေးမြို့တော် မွန်ဘိုင်းမြို့တွင် ၂၅ဧကေ ကျယ်ဝန်းသည့်မြေနေရာ၌ ရွှေတိဂုံစေတီတော်ကြီး၏ ဉာဏ်တော်အမြင့်ထက် တစ်ပေမျှနိမ့်၍၃၂၅ပေရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီးကို တည်ဆောက်နေခြင်း ဖြစ်သည်။

ဝိပဿနာတရားကို နဂိုမူလအတိုင်း လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့် ဆရာကြီး စည်သူသရေစည်သူ ဦးဘခင်ထံမှ သင်ယူတတ်မြောက်ခဲ့သော ဆရာကြီးဦးဂိုအင်ကာက ကမ္ဘာ့နိုင်ငံပေါင်း ၇၀ တွင် ဝိပဿနာတရား စခန်းပေါင်း၁၃၀နှင့် ဝိပဿနာတရားအားထုတ်ရာနေရာ ရာပေါင်း များစွာတို့ကို ဖွင့်လှစ်တည်ဆောက်ခဲ့သည်။ ဆရာကြီး ဦးဂိုအင်ကာသည် ၁၉၇၉ ခုနှစ်မှစတင်၍ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ၁၀ရက် ဝိပဿနာတရားစခန်းများကို ဖွင့်လှစ်ပို့ချခဲ့သည်။ ကိုးကွယ်မှု ဘာသာ၊ အယူဝါဒ အမျိုးမျိုးရှိကြသော လူပုဂ္ဂိုလ်အပေါင်းတို့သည် ဗုဒ္ဓမြတ်စွာ၏ ဓမ္မတရား တော်များကို နာယူကြရ၍ နှလုံးစိတ်ဝမ်းအေးချမ်းမှုကို ရရှိကြသည်။ ထို့ကြောင့် တန်ဖိုးမဖြတ်နိုင်သည့် တရားရတနာ စတင်ထွန်းကားခဲ့ရာ အိန္ဒိယနိုင်ငံအား ကျေးဇူးတုံ့ပြန်သည့် အနေဖြင့် ဆရာကြီးဦးဂိုအင်ကာသည် ဤကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများအဖြစ် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်မှ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဇောတိပါလ၊ ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက်မှ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ မကွေးမြို့ မဟာဝိသုတာရာမကျောင်းတိုက်မှ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရတို့ အပါအဝင် ဆရာတော်ကြီး ရှစ်ပါးတို့ဖြင့် ၁၉၉၇ခုနှစ် အောက်တိုဘာလတွင် ဝိပဿနာစေတီတော်မြတ်ကြီး၏ ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပခဲ့သည်။ ထိုပန္နက်တင် မင်္ဂလာအခမ်းအနားသို့ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရနှင့် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရတို့ ပါဝင်သည့် မြန်မာနိုင်ငံမှဆရာတော်ကြီးများလည်း ကြွရောက်ချီးမြှင့်တော်မူခဲ့ကြသည်။

တစ်ကမ္ဘာလုံးရှိ ဗုဒ္ဓဘာသာဝင်များ၊ ယောဂီများ၏ စုပေါင်းလှူဒါန်းမှုဖြင့် အိန္ဒိယရူပီးငွေ ကုဋေတစ်ရာ(အမေရိကန်ဒေါ်လာ ၂၃သန်းခန့်)ကုန်ကျမည့် ဝိပဿနာစေတီတော်မြတ်ကြီးကို ၂၀၀၇ခုနှစ် ဒီဇင်ဘာလတွင် အပြီးတည်ထား ကိုးကွယ်မည်ဖြစ်သည်။

ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီး၏ အတွင်းရှိ လိုဏ်ဂူကြီး၏ အမိုးသည် လုံးဝန်းလျက်ရှိပြီး အပေါ်သို့ထောက်ပံ့ထားသည့်တိုင် လုံးဝမပါဘဲ ကျောက်တုံးတို့ဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။ လိုဏ်ဂူကြီးသည် အချင်း ပေ ၂၈၀ ရှိမည်။ ကျောက်တုံးကြီး တစ်တုံးစီကို လိုအပ်သည့်ပုံစံရရှိအောင်ဖြတ်၍ အချင်းချင်းချိတ်ဆက်ထားသည့်အတွက် ကြီးမားသော ကျောက်ကွင်းဆက်များဖြစ်လာမည်။ ထိုကျောက်ကွင်းဆက်များကို တစ်ဆင့်ပြီးတစ်ဆင့် အထက်သို့ ချိတ်ဆက်သွားသည့်အခါ လိုဏ်ဂူကြီးဖြစ်ပေါ်လာမည်ဖြစ်သည်။ လိုဏ်ဂူကြီး၏ အမိုးသည် ကမ္ဘာမြေ၏ ဆွဲအားကို အန်တုကာ လေထဲတွင်ဝဲပျံနေသကဲ့သို့ တွေ့မြင်ရမည်ဖြစ်သည်။ စေတီတော်မြတ်ကြီး ပြီးစီးပါက ကျောက်တုံးတို့ဖြင့် တည်ဆောက်ထားသည့် ကမ္ဘာပေါ်တွင် အကြီးဆုံးလိုဏ်ဂူကြီး ဖြစ်လာလိမ့်မည်။ စေတီတော်မြတ်ကြီးမှာ လုံးတော်ပြည့်အုတ်များကိုထုအဖြစ် တည်ဆောက်ထားခြင်းမဟုတ်ဘဲ စေတီတော်လုံးပတ်အတွင်း ဧရိယာမှာ လိုဏ်ဂူအဖြစ် တည်ထားခြင်းဖြစ်သည်။ လိုဏ်ဂူအတွင်း ထောင်ပေါင်းများစွာသော ယောဂီများ တစ်ချိန်တည်းတွင် ဝိပဿနာတရား ပွားများအားထုတ်နိုင်မည် ဖြစ်သည်။

ထို့ပြင် ဝိပဿနာစေတီတော်မြတ်ကြီးတွင် သတင်းအချက်အလက် ပညာပေးပြခန်းများကို ပြသသွားမည်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူအပ်သော တရားဒေသနာအစစ်အမှန်များအပြင် ဗုဒ္ဓဝင်ဖြစ်စဉ်များကို အခြေခံရိုက်ကူးထားသည့် ရုပ်ရှင်၊ဗီဒီယိုများကို ပြသထားမည်ဖြစ်ရာ တရားဒေသနာတော်များသည် အများ ပြည်သူတို့ထံ ပျံ့နှံ့သွားမည် ဖြစ်သည်။

အိန္ဒိယနိုင်ငံရှိ မဟာဗောဓိအသင်းကြီးသည် ဂေါတမဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်အစစ်များကို ကမ္ဘာ့ဝိပဿနာ စေတီတော်မြတ်ကြီးတွင် ဌာပနာ၍ ပူဇော်နိုင်ရန်အတွက် လှူဒါန်းခဲ့သည်။ မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင် ပြည်သူများကလည်း မွန်ဘိုင်းမြို့ရှိ ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီးအတွက် အောက်ပါကဏ္ဍများတွင် ကုသိုလ်ပါဝင်လှူဒါန်းကြမည်ဖြစ်သည်။

ပထမကဏ္ဍတွင် စေတီတော်သို့ လာရောက်ဖူးမြော် ကြည်ညိုသူအပေါင်း အေးချမ်းစွာ လှည့်လည်ကြည်ညိုနိုင်ရန် အတွက် တစ်ကုဗမီတာ နေပူခံစကျင်ကျောက်တုံးပေါင်း ၈၅၀ လှူဒါန်းခြင်း။

ဒုတိယကဏ္ဍတွင် စေတီတော်အတွင်းရှိ တရားပွားများရာ လိုဏ်ဂူကြီးတစ်ခုလုံးကို တစ်သိန်းငါးသောင်းစတုရန်းပေရှိ သစ်သားပါကေးကြမ်းခင်းခြင်း။

တတိယကဏ္ဍတွင် စေတီတော်မြတ်ကြီး၏မုခ်လေးမုခ်နှင့် တပ်ဆင်မည့် မြန်မာမှုကနုတ်၊ ပန်းပု၊ ပန်းထွင်းသစ်သားတံခါးကြီးများအတွက် လိုအပ်မည့်သစ်များနှင့် တံခါးရွက်ကျည်းပေါင်အစုံ ၉၀ လှူဒါန်းခြင်း။

စတုတ္ထကဏ္ဍတွင် စေတီတော်မြတ်ကြီး၏ အထွတ်ဖြစ်သော ရွှေထီးတော်ကြီး လှူဒါန်းခြင်း။

ပဉ္စမကဏ္ဍတွင် စေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓဝင်ပြခန်းအတွက် ဗုဒ္ဓကျောက်ဆင်းတုတော်များ၊ ဉာဏ်တော်နှစ်ပေခွဲရှိ ကျောက်ဆင်းတုတော် တရားထိုင်ပုံ ၂၈ဆူ၊ ဉာဏ်တော်တစ်ဆယ့်ရှစ်ပေ ကျောက်ဆင်းတုတော် တရားထိုင်ပုံတစ်ဆူ (ခန့်မှန်းတန်ဖိုးကျပ်သိန်း၇၀)၊ ဉာဏ်တော် ငါးပေခွဲရှိ ကျောက်ဆင်းတုတော် မတ်ရပ်ပုံရှစ်ဆူနှင့် မုဒြာအမျိုးမျိုး ကျောက်ဆင်းတုတော် ၂၈ ဆူတို့ကို မြန်မာနိုင်ငံမှပြည်သူများက ပါဝင်လှူဒါန်းကြမည် ဖြစ်သည်။

နှစ်နိုင်ငံအစိုးရများကလည်း စေတီတော်မြတ်ကြီးတည်ဆောက်ရေးတွင် အားကြိုးမာန်တက် အဘက်ဘက်မှ ကူညီပံ့ပိုးနေကြပြီး မြန်မာနိုင်ငံမှ သံဃာတော် အရှင်သူမြတ်များကလည်း ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ဆရာတော်အဖြစ် ချီးမြှင့်အားပေးနေကြသည်မှာ အားရဖွယ်ကောင်းလှသည်။ စေတီတော်မြတ်ကြီး ပြီးစီးပါက ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံကို ထိုဝိပဿနာစေတီတော်မြတ်ကြီးတွင် ကျင်းပရန်အစီအစဉ်ရှိကြောင်း သိရှိရသည်။

မကြာမီရက်များအတွင်းက မြန်မာနိုင်ငံသို့ အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိခဲ့ခြင်းသည် မြန်မာ–အိန္ဒိယနှစ်နိုင်ငံနှင့် ပြည်သူများ ချစ်ကြည်ရေး ပိုမိုခိုင်မြဲရေးအတွက် အကျိုးအမြတ်ဖြစ်ထွန်းစေခဲ့သည်။

နှစ်နိုင်ငံချစ်ကြည်ရေး အစွန့်ရှည်ရေးအတွက် မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ပုံတူကို အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့ ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီး အောင်မြင်စွာတည်ထားကိုးကွယ်ပြီးစီးနိုင်ရေးအတွက် မြန်မာနိုင်ငံမှပြည်သူများ ပါဝင်လှူဒါန်းကုသိုလ်ရယူနိုင်ကြသည်။

အလှူငွေနှင့်ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိ ဝိပဿနာအဖွဲ့ အမှတ်၇၇ ရွှေဘုံသာလမ်း ရန်ကုန်မြို့ ဖုန်း–၂၄၅၃၂၇၊ ၂၄၅၁၀၁၊ ဓမ္မဇောတိ ဝိပဿနာရိပ်သာ ဝင်္ကပါ ရေလည်ကျောင်း ငါးထပ်ကြီးဘုရားလမ်း ရန်ကုန်မြို့ ဖုန်း–၅၄၉၂၉၀၊ ၅၄၆၆၆၀၊ ဓမ္မမဏ္ဍပ ဝိပဿနာရိပ်သာ၊ ဗန်းမော်ကျောင်းတိုက်အတွင်း ဗောဓိကုန်း မန္တလေးမြို့တို့တွင် လှူဒါန်းနိုင်ကြသည်။

ကမ္ဘာအရပ်ရပ်ရှိ အလှူရှင်များနှင့် မြန်မာနိုင်ငံမှ ပြည်သူများ ပါဝင်လှူဒါန်း တည်ထားကိုးကွယ်မည့် ကမ္ဘာ့ဝိပဿနာ စေတီတော်မြတ်ကြီး တည်ဆောက်ပြီးစီးပါက ကမ္ဘာ့အံ့ဖွယ်စေတီတော်မြတ်ကြီးအဖြစ် ဖူးမြင်ရပြီး မြန်မာ–အိန္ဒိယနှစ်နိုင်ငံ ချစ်ကြည်ရေးသည်လည်း ပိုမိုခိုင်မြဲ အစွန့်ရှည်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့အနီး တည်ထားမည့် ဝိပဿနာစေတီတော်အတွက် အလှူတော်ငွေပေးအပ်

ရန်ကုန် မေ ၂

မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ဝိပဿနာ တရားပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးဂိုအင်ကာ ဦးဆောင်၍ အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့အနီး တည်ထားကိုးကွယ်မည့် ဝိပဿနာစေတီတော်ကြီးအတွက် တတိယအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိ ဝိပဿနာရိပ်သာ ဓမ္မခန်းမ၌ကျင်းပရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ ညွှန်ကြားရေးမှူး ဦးအောင်သိန်းညွှန့်နှင့် တာဝန်ရှိသူများ၊ အလှူရှင် မိသားစုများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဦးဥက္ကါက စေတီတော်ကြီး တည်ဆောက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အလှူတော်ငွေများကို အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ ရွှေသံလွင်ကုမ္ပဏီလီမိတက်က ထီးတော်ကြီးအတွက် အလှူတော်ငွေကျပ်သိန်း၅၅၀၊ ဆရာကြီးဦးဂိုအင်ကာ၊ သားဦးမောင်ရွှေ–ဒေါ်နီနီရွှေမိသားစု၊ (ဗန္ဓုလကုမ္ပဏီလီမိတက်)ကအမေရိကန်ဒေါ်လာ၄၃၃၇၊ဒေါ်အမာအားရည်စိုး၍ ဒေါ်စန်းကြည်က ငွေကျပ်၂၅သိန်း **(အပေါ်ယာပုံ)**၊ ဦးသိန်းမောင်–ဒေါ်ပါးပါး စန္ဒီပရဆေးမိသားစုက ငွေကျပ် ၁၀သိန်း၊ ရဲမှူးချုပ် မြင့်သိန်း–ဒေါ်ကြည်ကြည်စန်းနှင့် တပ်ဖွဲ့ဝင်များက ငွေကျပ် ၁၀သိန်း၊ ဗိုလ်ချုပ်ခင်မောင်ဝင်း–

ဒေါ်မြင့်မြင့်ဝင်း မိသားစု (ဒဂုံမြို့နယ်) က ငွေကျပ်ကိုးသိန်း၊ ဦးအောင်ခင်–ဒေါ်စိန်စိန် (အောင်သံဆန်ခါထုတ်လုပ်ရေး ဘောက်ထော်)က အမေရိကန်ဒေါ်လာ ၅၅၃ အပါအဝင် အလှူရှင်စုစုပေါင်း ၁၅၆ဦးတို့က အလှူတော်ငွေကျပ်၇၉၂သိန်း ရှစ်သောင်းငါးထောင် ၆၇ကျပ်နှင့်အမေရိကန်ဒေါ်လာ၆၄၇၇၊ အက်ဖ်အီးစီ ၂၅၀နှင့် အိန္ဒိယရူပီး ၈၉၀တို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးမြင့်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြေးပိဋကတ်တော်ပြုလုပ်ရန် အလှူငွေများပေးအပ်

ရန်ကုန် မေ ၂

မြတ်ဗုဒ္ဓ၏ ပိဋကတ်ကျမ်းစာတော်များကို ကြေးပြားတွင် ရေးထွင်း၍ ကြေးပိဋကတ်တော်တစ်ဆူ ပြုလုပ်လှူဒါန်းရာ ရန်ကင်းမြို့နယ် သုခဝတီရိပ်သာလမ်း အမှတ်(၁၇/ဘီ)နေ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်ခင် (အငြိမ်းစား ဒုတိယဝန်ကြီးချုပ်)–ပါမောက္ခဒေါက်တာဒေါ်နန်းဦး(ငြိမ်း)၊ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ကျိုက်ဝိုင်းဘုရားလမ်း အမှတ်(၆၄)နေ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမောင်ထွန်းခိုင်–ဒေါ်လှဲ့လှဲ့ခိုင်၊ သား ဖြိုးမောင်ခိုင်၊ သမီး မနှင်းသီရိခိုင်၊ မိဘနှစ်ပါးကို အမှူးထား၍ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း၊ အမှတ်(၄၅၀)နေ ဦးအောင်ကျော်ဦး–ဒေါ်ခင်မျိုးမြင့်၊ မိဘနှစ်ပါးကို အမှူးထား၍ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ် (၄၅၀)နေ ဦးငွေမျိုးဦး၊ မင်းမင်းထိုက်၊ ညီ မောင်အောင်မျိုးဦး၊ ဗိုလ်တထောင်မြို့နယ် ၄၆လမ်း အမှတ်(၁၁၈)နေ မိခင်ဒေါ်ဝင်းဝင်းအေး၊သမီး မသစ်လွင်ဦး၊ သား မောင်ကျော်စိုးလွင် မိသားစု၊ မိဘနှစ်ပါး ဦးထွန်းစိန်–ဒေါ်ရွှေရီဝင်းတို့ကို အမှူးထား၍ ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၁၉)နေ သား မောင်ရဲဝင်းလတ်၊ သမီး မနှင်းနန္ဒာထွန်း၊ မစုနန္ဒာထွန်း၊ မယုသန္ဒာထွန်း မိသားစုတို့က ကြေးပြားတစ်ချပ်စီကို ဦးဆောင်ဆရာတော် ဘဒ္ဒန္တ ဉာဏ(သာသနာ့ဓဇဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ)ထံ လာရောက်လှူဒါန်းကြသည်။

လှူဒါန်းနိုင်

လှူဒါန်းလိုသော အလှူရှင်များသည် ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ်၁၈၀၀၀ ဖြင့် မင်္ဂလာတိုက်ကျောင်းကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း–၅၄၈၈၀၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က–ပ)

ရန်ကုန်မြို့ ကန်တော်ကြီးသဘာဝဥယျာဉ် ပညာပေးဇုန်အတွင်း ကန်တော်ကြီးရေကူးကန်နှင့် အပန်းဖြေစခန်းဖွင့်လှစ်

ရန်ကုန် မေ ၂

ရန်ကုန်မြို့ ကန်တော်ကြီးသဘာဝဥယျာဉ် ပညာပေးဇုန်အတွင်းရှိ ကန်တော်ကြီးရေကူးကန်နှင့် အပန်းဖြေစခန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီက အဆိုပါအပန်းဖြေ စခန်းအဆောက်အအုံရှေ့၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက် ဖွင့်လှစ်ပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် Wood Land Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်တို့က ကန်တော်ကြီး ရေကူးကန်နှင့် အပန်းဖြေစခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက ရေကူးကန်နှင့် အပန်းဖြေစခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**ယင်းနောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် ဧည့်ပရိသတ်များသည် အပန်းဖြေစခန်းနှင့် ရေကူးကန်ဝင်းအတွင်း လှည့်လည်ကြည့်ရှုကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရေကူးသင်တန်းဖွင့်လှစ်လျက်ရှိ

ကန်တော်ကြီးရေကူးကန်သည် အလျား ၃၂ မီတာ၊ အနံ ၁၇ ဒသမ ၃ မီတာနှင့် အနက် ကိုးပေမှ သုံးပေအထိရှိသည့် ရေဂါလန် ၁၇၀၀၀၀ဆံ့ ရေကူးကန်ဖြစ်သည်။ ရေကူးကန်အနီး၌ အလျား ၂၄၆ ပေ၊ အနံ ၆၆ ပေရှိ နှစ်ထပ်အဆောက်အအုံ တစ်လုံးတည်ရှိပြီး မြေညီထပ်၌ အဝတ်လဲခန်း၊ အားကစားခန်းမ၊ Coffee Shop နှင့် ပထမထပ်၌ လူ၇၀၀ဆံ့ ဘက်စုံသုံး ခန်းမတို့ပါရှိကာ မိသားစုအသင်းအဖွဲ့အလိုက် ချမ်းမြေ့ပျော်ရွှင်စွာ လာရောက် အပန်းဖြေနိုင်ကြောင်းနှင့် ရေကူးသင်တန်းများကိုလည်း ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

အင်းလေးဒေသ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ အောင်မြင်စွာဖွင့်လှစ်ခြင်းအထိမ်းအမှတ် စာပေဒါနလှူဒါန်း

နေပြည်တော် မေ ၂

အင်းလေးဒေသကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ အောင်မြင်စွာဖွင့်လှစ်ပြီးမြောက်ခြင်း အထိမ်းအမှတ်၊ ပထမအကြိမ်စာပေဒါနလှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၂၅ ရက်နံနက် ၁၀ နာရီက တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးဒေသ သလဲဦးအင်းရွာ ရောင်ခြည်ဦးကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့်အင်းလေးဒေသကျေးရွာများမှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ တိုင်းမှူးသည် သလဲဦးအင်းရွာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ဆရာတော်ဦးကေသရအား ဖူးမြော်ကန်တော့ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အမှာစကားပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီက ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်၊ အလှူငွေ၊ ရေဒီယို၊ ကက်ဆက်၊ ရုပ်မြင်သံကြားပြစက်စသည့် စာကြည့်တိုက်ဆိုင်ရာပစ္စည်းများကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးရွာစာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အင်းလေးဒေသကျေးရွာများ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်၊ အလှူငွေ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားပြစက်လှူဒါန်းပွဲတွင် အလှူရှင် ၄၃ ဦးတို့က ငွေကျပ် ၅၉၉၇၁၈၇ တန်ဖိုးရှိ စာအုပ်၊ စာစောင်၊ အလှူငွေ၊ တီဗွီနှင့် ကက်ဆက်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

အားကစားဝန်ကြီးဌာန ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခံရသောပုဂ္ဂိုလ်များ ဂုဏ်ပြု ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက် အမှာစကားပြောကြား

ရန်ကုန် မေ ၂

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့မွန်းလွဲ ၁ နာရီက အမျိုးသားဘောလုံး လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ သင်တန်းခန်းမ၌ကျင်းပသော ၂၀၀၆ ခုနှစ် အားကစား ဝန်ကြီးဌာန ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်များအား ဂုဏ်ပြုသည့်အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ခံ နာယကများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေချီးမြှင့်

ဆက်လက်၍ ဝန်ကြီးက လူမှုထူးချွန်ပထမဆင့်ရရှိကြသော မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်အားလည်းကောင်း၊ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ကြူကြူအားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးက လူမှုထူးချွန်ဒုတိယဆင့်ရရှိကြသော အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြသိန်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးဘောလုံးအသင်းခေါင်းဆောင် ဒေါက်တာပင်ဒိုရာအောင်ကြီးနှင့် ကျန်ပုဂ္ဂိုလ်ခြောက်ဦးတို့အား လည်းကောင်း၊ လူမှုထူးချွန်တတိယဆင့်ရရှိကြသောပုဂ္ဂိုလ် ၇၁ ဦးတို့အားလည်းကောင်း ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးက ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ကိုးဦးတို့အားလည်းကောင်း၊ ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ်တက္ကသိုလ်ဝင် စာမေးပွဲမှ ငါးဘာသာဂုဏ်ထူးဆုရရှိကြပြီး ဆေးတက္ကသိုလ်များ၌ တက်ရောက်ပညာသင်ကြားနေကြသည့် အားကစားဝန်ကြီးဌာနမှ ဝန်ထမ်း သားသမီးသုံးဦးတို့အား လစဉ်ထောက်ပံ့ငွေတစ်လလျှင် ကျပ်သုံးသောင်းစီကိုလည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ မြန်မာ့ရိုးရာသိုင်းပညာရှင် ၁၁ဦးတို့အား တစ်ဦးလျှင် ကျပ်နှစ်သောင်းစီကိုလည်းကောင်း အသီးသီး ပေးအပ် ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုပေးအပ်ချီးမြှင့်

ကျန်းမာခြင်းဆိုင်ရာ အမူအကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်ရေးပြိုင်ပွဲဆုပေးပွဲတွင် မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(က-ပ)

မြန်မာနိုင်ငံဆရာဝန်အသင်း စရဏမဂ္ဂဇင်းကကြီးမှူး ကျန်းမာခြင်းဆိုင်ရာ အမူအကျင့်ကောင်းများ ဖွံ့ဖြိုးရေးပြိုင်ပွဲဆုပေး

ရန်ကုန် မေ ၂

မြန်မာနိုင်ငံ ဆရာဝန်အသင်းစရဏမဂ္ဂဇင်းက ကြီးမှူးကျင်းပသော ကျန်းမာခြင်းဆိုင်ရာ အမူအကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်ရေးပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၃နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမအေး၌ ကျင်းပရာ မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာကျော်မြင့်နိုင်နှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဆေးပညာရှင်များအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်း၊ ပြည်ပလူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မဂ္ဂဇင်းတိုက်များမှ စာပေပညာရှင်များ၊ စရဏမဂ္ဂဇင်း ကျန်းမာခြင်းဆိုင်ရာ အမူအကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်ရေးပြိုင်ပွဲ ကျင်းပရေး ကော်မတီဝင်များ၊ ဆုရရှိကြသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး ကျန်းမာခြင်းဆိုင်ရာ အမူအကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်ရေးပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာဌေးလွင်က ပြိုင်ပွဲကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆုပေးအပ်

ထို့နောက် ကျန်းမာခြင်းဆိုင်ရာ အမူအကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်ရေးပြိုင်ပွဲတွင် ဆုရရှိကြသူများအား မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်တို့က ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အလားတူပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)ခန်းမဆောင်၌ မေလ ပထမပတ်တွင်ကျင်းပမည်ဖြစ်ရာ အထက်မြန်မာပြည်မြို့ကြီးများမှ ဆုရရှိသူများအား ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်မှု ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၆ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၃၅၅၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

✡ ကျောဖုံးမှ

ရှစ်ဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း၊ ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်စာကို စုပေါင်းလက်မှတ်ရေးထိုးကာ ဧပြီ ၃၀ ရက်တွင် သီပေါမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံးသို့ ပေးပို့နုတ်ထွက်ခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါ သီပေါမြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှပါတီဝင်ရှစ်ဦးတို့က ပေးပို့သည့် နုတ်ထွက်လွှာတွင် ၎င်းတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)သို့ ၁၉၈၈ခုနှစ် ဩဂုတ်လမှ စတင်ဝင်ရောက်ခဲ့ပြီး ပါတီနိုင်ငံရေးကို သန့်သန့်ရှင်းရှင်း ဆောင်ရွက်ကာ ဒေသခံပြည်သူတို့၏ အကျိုးစီးပွားကို အောင်မြင်ထိရောက်စွာ ဆောင်ရွက်မည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ပါဝင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအခါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)၏ လုပ်ဆောင်ချက်များကို ပြန်ကြည့်လျှင် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးကို ရှေးရှုပြီး ဒေသနေပြည်သူလူထု၏အကျိုးစီးပွားကို ဖော်ဆောင်မှုများ လုံးဝမရှိသည့်အပြင် နယ်မြေဒေသ၏တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးအတွက် စိုးရိမ်ဖွယ်ရာ အနှောင့်အယှက်တစ်ရပ်အသွင်သို့ ကူးပြောင်းရောက်ရှိနေသည်ကို တဖြည်းဖြည်းတွေ့လာရပါကြောင်း၊ ၎င်းတို့အနေဖြင့်လည်း ပြည်သူလူထုအတွက် အကျိုးမပြုသော ဘေးထိုင် ဘုပြောနေသည့် သီးခြား လူတန်းစား လူပိုအဖွဲ့တစ်စုအဖြစ်သို့ ရောက်ရှိခံစားနေရသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) အဖွဲ့ဝင်ဖြစ်ရသည်ကို စိတ်ပျက်လာခဲ့ပါကြောင်း၊ NLD ပါတီအနေဖြင့် ပြည်တွင်းအင်အားကို အလေးမထားဘဲ ပြည်ပအားကိုသာ အလေးထားဆက်သွယ်ဆောင်ရွက်နေခြင်း၊ လက်ရှိနိုင်ငံတော်၏ တိုးတက်ဖြစ်ထွန်းနေမှုများကို သိမြင်လျက် မသိကျိုးကျွန်ပြု၍ အဆိုးမြင်ဝါဒဆွဲကိုင်ကာ အပျက်သဘော ဝေဖန်ပြောဆိုနေခြင်းတို့ကို ၎င်းတို့အနေဖြင့် လက်မခံနိုင်တော့ပါကြောင်း၊ အခြားတစ်ဖက်တွင်လည်း ၎င်းတို့ဒေသ၌ ယနေ့နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့် ဒေသအာဏာပိုင် အဖွဲ့အစည်း၏ အကောင်အထည်ဖော်ဆောင်မှုကြောင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် လက်နက်နှင့်ငြိမ်းချမ်းရေးကို ထာဝရ လဲလှယ်ခဲ့ကြပြီး နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် ၎င်းတို့နယ်မြေအတွင်း မကြုံဖူးအောင် တည်ငြိမ် အေးချမ်းသာယာနေသည်ကို မျက်မြင် တွေ့ရှိခံစားနေရပါကြောင်း၊ သို့ပါ၍ ၎င်းတို့သည် လက်ရှိတိုင်းပြည်နှင့်လူမျိုးအတွက် အမှန်တကယ် အကျိုးပြုနေသော သန့်စင်မွန်မြတ်သည့် ရပ်တည်မှုကို လိုလားပါသဖြင့် အာဏာမက်မောပြီး အာဏာရရှိရေးကိုသာ အဓိကထား၍ ကိုယ်ကျိုးအတ္တကြီးမားသော လူတစ်စုနှင့် ဆက်လက် လက်တွဲရန်မလိုတော့ပါသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

သီပေါမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မူလက ပါတီဝင် ၁၇ ဦးဖြင့် ဖွဲ့စည်းထားခဲ့ရာ ယခုအခါ ဒုတိယဥက္ကဋ္ဌ(၁) ဦးမြင့်ဆွေ အပါအဝင် ပါတီဝင် ရှစ်ဦးတို့သည် ၎င်းတို့ကိုယ်တိုင်၏ ဆန္ဒအလျောက် စုပေါင်းလက်မှတ်ရေးထိုး၍ NLDပါတီမှ နုတ်ထွက်သွားခဲ့ပြီး အဖွဲ့ဝင်များဖြစ်ကြသော ဦးအုန်းမြင့်၊ ဦးတင့်ဆွေနှင့် ဦးစိုင်းတင်အောင်တို့သည် အခြားဒေသများသို့ ပြောင်းရွှေ့သွားခဲ့ကာ အဖွဲ့ဝင် ဦးအုန်းကျော်မှာ ကွယ်လွန်သွားခဲ့သဖြင့် သီပေါမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ပါတီဝင် ငါးဦးသာကျန်ရှိတော့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဝိုင်အမ်ဘီအေ နှစ်တစ်ရာပြည့် စည်ကားစွာ ကျင်းပမည်

ရန်ကုန် မေ ၂

၁၉၀၆ ခုနှစ် မေ ၁၀ ရက်တွင် စတင်ဖွဲ့စည်း တည်ထောင်ခဲ့သော ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ)သည် ၂၀၀၆ခုနှစ် မေ ၁၀ရက်တွင် နှစ်တစ်ရာတိတိ ပြည့်မြောက်မည်ဖြစ်ရာ မေ ၉ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ လည်းကောင်း၊ မေ ၁၀ရက်တွင် ရန်ကုန်မြို့ အမှတ် (၇၇) ရေကျော်လမ်း ပုဇွန်တောင်မြို့နယ်ရှိ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဝိုင်အမ်ဘီအေ) အသင်းတိုက်၌လည်းကောင်း နှစ်တစ်ရာပြည့် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

နှစ်တစ်ရာပြည့် ကာလအတွင်း သမိုင်းဝင် အထောက်အထားပစ္စည်းများနှင့် မှတ်တမ်းဓာတ်ပုံများကို ရန်ကုန်မြို့ အမှတ် (၇၇) ရေကျော်လမ်း ပုဇွန်တောင်မြို့နယ်ရှိ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ)ခန်းမ၌ ခင်းကျင်း ပြသထားမည်ဖြစ်ရာ မေ ၁၁ရက်၊ ၁၂ရက်နှင့် ၁၃ရက်များတွင် နံနက် ၈နာရီမှ ညနေ ၆နာရီအထိ မည်သူမဆို အခမဲ့ ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံ့ဝန်ထမ်းဂျာနယ်အတွဲ(၃)၊အမှတ်(၂)ထုတ်ဝေ

ရန်ကုန် မေ ၂

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၃)၊ အမှတ်(၂)ကိုထုတ်ဝေလိုက်ပြီဖြစ်သည်။ **(အောက်ပုံ)**ယင်းဂျာနယ်သည် ယခင်ထုတ်ဝေခဲ့သည့် ဂျာနယ်များကဲ့သို့ပင် ဝန်ထမ်းရေးရာ အကြောင်းအရာများ စုံလင်စွာ ပါဝင်ပြီး စာမျက်နှာ ၁၇၁ မျက်နှာပါရှိသည်။ အထူးလေ့လာသိရှိမှတ်သားဖွယ်ရာအဖြစ် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်း အမှတ်စဉ်(၃၇)မှ သင်တန်းသား သင်တန်းသူများအား ၂၀၀၆ခုနှစ် ဇန်နဝါရီ ၂၀ရက်တွင် ပြောကြားခဲ့သော သြဝါဒ အမှာစကားကို ထည့်သွင်း ဖော်ပြထားသည်။ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်၏ "ဝန်ထမ်းများနှင့် သက်ဆိုင်သော ဥပဒေများ" အကြောင်းကို ဝန်ထမ်းများ ဗဟုသုတဖြစ်ဖွယ်ဖတ်ရှုနိုင်မည့်အပြင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး၏ "လူတွေ့စစ်ဆေးခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ" ဆောင်းပါးသည်လည်း ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လိုသူ ဝန်ထမ်းကောင်းများ သိရှိလေ့လာသင့်သည်။

ထို့အပြင် အပတ်စဉ်ပါနေကျ ပြည်တွင်းပြည်ပ နိုင်ငံ့ဝန်ထမ်းများဆိုင်ရာ အကြောင်းအရာများကိုလည်း ဝေဝေဆာဆာ ဖော်ပြထားသည်။ အဆိုပါ ဂျာနယ်ကို နေပြည်တော်မြို့၌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ (အဆောက်အအုံအမှတ်-၁၇)၊ ရန်ကုန်မြို့၌ အမှတ်(၅၃) ကမ်းနားလမ်းရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ကုန်သည်လမ်းနှင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းစာအုပ်အရောင်းဆိုင်နှင့် ဆူးလေဘုရားလမ်းရှိ အင်းဝစာအုပ်တိုက်တို့တွင် ဝယ်ယူရရှိနိုင်ပြီး မန္တလေးမြို့၌ ထွန်းဦးစာပေ၊ နဂါးစာပေနှင့်မြညွန့်ဆွေစာပေတို့တွင် တစ်အုပ်လျှင် ငွေကျပ်၁၀၀၀ဖြင့် ဝယ်ယူရရှိနိုင်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ကြီးမှူး အဆိုပြုလွှာပေးအပ်ပွဲနှင့် အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၂

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ကြီးမှူးကျင်းပသည့် အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာပေးအပ်ပွဲနှင့် အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၁)ရှိ Earth Industrial (Myanmar) Co.,Ltd ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် စက်ရုံဝန်ထမ်း အမျိုးသမီးငယ် ၃၀၀ ကျော်ခန့် တက်ရောက်ကြသည်။

အဆိုပြုလွှာပေးအပ်

ရှေးဦးစွာ Earth Industrial (Myanmar) Co.,Ltd ဥက္ကဋ္ဌ ဒေါ်ခိုင်ဇော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် Earth Industrial (Myanmar) Co.,Ltd ဥက္ကဋ္ဌ ဒေါ်ခိုင်ဇော်က အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ ၁၅၀ ကို ပေးအပ်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေး ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက လက်ခံသည်။

ပညာပေးဟောပြော

ထို့နောက် စာရေးဆရာမ မစန္ဒာက မိမိကိုယ်ကို တည်ဆောက်ခြင်း ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရတနာသစ်တော ပြည်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲ မေ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်

ရန်ကုန် မေ ၂

မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၆ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲကို မေ ၂၇ ရက်မှ ၂၈ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်လေ့ကျင့်ရေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် သက်ငယ်တန်းကရာတေးဒိုအားကစားသမားများသည် မေ ၁၈ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် (ရန်ကုန်မြို့၊ အောင်ဆန်းကစားပြိုင်ဝင်း)၌ အမည်စာရင်းပေးသွင်းနိုင်ပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၃၇၉၉၃၉ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

ရန်ကုန် မေ ၂

၂၀၀၆ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရေဝတီရေတပ်စခန်းဌာနချုပ် သီဟသူရ ထွန်းတင်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်ရှိ ဌာနချုပ်များ၊ စစ်ရေယာဉ်စုများမှ အရာရှိ၊ စစ်သည်များ၊ မိသားစုများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက် အားပေးကြသည်။

အစီအစဉ်အရ ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီးနောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်၍ ၂၀၀၆ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်းဆုရ အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေဝတီ ရေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးကြီးအေးဖေက ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာပေဗိမာန်စာအုပ်အသင်း ရတနာသုံးသွယ်စာအုပ်ဖြန့်ချိ

ရန်ကုန် မေ ၂

စာပေဗိမာန် စာအုပ်အသင်းက ၂၀၀၂ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ(ဝိဇ္ဇာပညာရပ်)ပထမဆုရ ဦးသောင်းငွေ၏ "ရတနာသုံးသွယ်"စာအုပ်ကို စာအုပ်အသင်း၏ (၂၅) အုပ်မြောက် စာအုပ်အဖြစ် ရန်ကုန်နှင့် နယ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်ရှိ စာအုပ်အသင်းဝင်များသည် အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက် ထုတ်ယူနိုင်ပြီး နယ်အသင်းဝင်များသို့ ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ် အသင်းဝင်လိုလျှင် အတွင်းရေးမှူး စာပေဗိမာန် စာအုပ်အသင်း ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် ၅၂၉/၅၃၁ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Khind Electrical & Electronic ကံစမ်းမဲဖွင့်ပွဲနှင့် ကံထူးရှင်ရွေးချယ်ပွဲကျင်းပ

ရန်ကုန် မေ ၂

Khind Electrical & Electronic ၏ ကံစမ်းမဲဖွင့်ပွဲနှင့် ကံထူးရှင် ရွေးချယ်ပွဲကို ဧပြီ ၂၉ ရက် မွန်းလွဲ ၂နာရီမှ ညနေ၆ နာရီအထိ ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ဂေဟာစူပါစင်တာ၏ ဒုတိယထပ်၌ကျင်းပရာ Khind Electrical & Electronicမန်နေဂျင်း ဒါရိုက်တာ ဦးကျော်ကျော်၊ စိန်ဂေဟာ စူပါစင်တာမှ ဒါရိုက်တာဦးအောင်ဇော်မြင့်၊ အမြို့မြို့ အနယ်နယ်တို့ရှိ အရောင်းကိုယ်စားလှယ်များ၊ ဝယ်ယူအားပေးကြသူများ၊ စာနယ်ဇင်း အသီးသီးမှ ဖိတ်ကြားထားသူများနှင့် ဧည့်သည်များတက်ရောက်ကြသည်။

ယင်းအခမ်းအနားသို့ တက်ရောက်လာသူများအား Hip Hop၊ Too Big၊ ဟဲလေး၊ ရဲလေး၊ Examplez၊ Big Bag နှင့် ခေမီကို Dancer အဖွဲ့တို့က ဧည့်ခံဖျော်ဖြေကြသည်။ အထူးဆုအဖြစ် ငွေကျပ် ၁၈ သိန်း တန်ဖိုးရှိ Nano Silver Technologyဖြင့် ပြုလုပ်ထားသည့် အလိုအလျောက် ရေခဲထုတ်စက်ပါရှိသည့် Kind side by side Refrigerator နှစ်ဆု၊ High Energy Saving ပါရှိသည့်အတွက် မီးစားသက်သာစေသည့် Air Conditioner နှစ်ဆုအပြင် ငွေကျပ်သိန်းပေါင်း ရာကျော်တန်ဖိုးရှိ အခြားဆုမဲပေါင်း ၉၀ ကို Khindမှ တာဝန်ရှိသူများ၊ စိန်ဂေဟာမှ တာဝန်ရှိသူများ၊ ဂျာနယ်နှင့် စာနယ်ဇင်းများမှပုဂ္ဂိုလ်များ၊ အရောင်းကိုယ်စားလှယ်များနှင့် အဆိုတော်များက ရွေးချယ်ပေးကြသည်။

ထုတ်ယူနိုင်

ရွေးချယ်ခံရသော ကံထူးရှင်များအား သတင်းစာတွင် ဖော်ပြပေးသွားမည်ဖြစ်ပြီး ပေါက်မဲဆုများကို Khind Electrical & Electronic ၏ Show Room (1) ၌ ထုတ်ယူနိုင်ကြောင်းသိရှိရသည်။ အဆိုပါ ကံစမ်းမဲဖွင့်ပွဲနှင့် ကံထူးရှင် ရွေးချယ်ပွဲကို Management by Star Space Media & Advertising က တာဝန်ယူ ဆောင်ရွက်ပေးကြောင်း သိရသည်။

(သတင်းစဉ်)

Khind Electrical & Electronic ၏ ကံစမ်းမဲဖွင့်ပွဲနှင့် ကံထူးရှင် ရွေးချယ်ပွဲကို စိန်ဂေဟာ စူပါစင်တာ၌ ကျင်းပစဉ်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှား အားကစား



အိုင်ဗရီကို့စ်လက်ရွေးစင်အသင်း။ (ဓာတ်ပုံ-အင်တာနက်)

ရင်ခုန်စောင့်စား ၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား အိုင်ဗရီကို့စ်အသင်း၏ ရပ်တည်မှုအနေအထား

စုစည်းတင်ပြသူ မြင့်မောင်စိုး

အိုင်ဗရီကို့စ် မေ ၂

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကို လာမည့်ဇွန် ၉ ရက်မှ စ၍ ဂျာမနီနိုင်ငံ၌ ခြိမ့်ခြိမ့်သဲသဲကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲဝင် ဘောလုံးအသင်းတစ်သင်းစီ၏ ရပ်တည်မှုအနေအထားများကို မြန်မာ့အလင်း ဘောလုံးဝါသနာအိုးများအတွက် ရေးသားဖော်ပြပေးလျက်ရှိသည်။

ယနေ့အထိ အုပ်စု(က)မှ ဂျာမနီ၊ ကိုစတာရီကာ၊ ပိုလန်၊ အီကွေဒေါ်အသင်း များ၏ ရပ်တည်မှု အခြေအနေများကို ဖော်ပြပေးခဲ့ပြီးဖြစ်သည်။

ထို့အပြင် အုပ်စု(ခ)မှ အင်္ဂလန်၊ ပါရာဂွေး၊ ထရီနီဒက်နှင့် တိုဘာဂို၊ ဆွီဒင်အသင်းတို့၏ ခြေစစ်ပွဲအောင်ရန် ရုန်းကန်ကြိုးစားခဲ့ရပုံများကိုလည်း တင်ပြခဲ့ပြီးဖြစ်ပေသည်။ ဆက်လက်၍ အုပ်စု(ဂ)မှ အာဂျင်တီးနားအသင်း၏ ရပ်တည်မှုအခြေအနေကို ယမန်နေ့ကတင်ပြခဲ့ရာ ယနေ့တွင် အုပ်စု(ဂ)မှ အိုင်ဗရီကို့စ်အသင်း၏ ရပ်တည်မှု အနေအထား များကို Yangon Intertainment Ltd.မှ ရရှိသော သတင်းအချက်အလက်များကို အခြေခံလျက် မြန်မာ့အလင်းက ဆက်လက်ဖော်ပြအပ်ပါသည်။

အိုင်ဗရီကို့စ်အသင်း

အိုင်ဗရီကို့စ်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပထမဆုံးအကြိမ် ခြေစစ်ပွဲအောင်ခဲ့သည့် အသင်းဖြစ်ပြီး အိုင်ဗရီကို့စ်အသင်း ကမ္ဘာ့ဖလားဝင်ခွင့်ရသော အထိမ်း အမှတ် အခမ်းအနားကို ယင်းနိုင်ငံ၏ မြို့တော်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အိုင်ဗရီကို့စ်အသင်း၏ အောင်မြင်မှုအတွက် နှစ်ရက်တိတိ မြို့၏ လမ်းမများပေါ်တွင် ပြည်သူတို့ ခြိမ့်ခြိမ့်သဲ အောင်ပွဲခံခဲ့ကြသည်။

အိုင်ဗရီကို့စ်အသင်းကြီးသည် သွက်လက်ထက်မြက်နေသော လူငယ်ကစားသမားများဖြင့် ဖွဲ့စည်းထားပြီး အသင်း၏ ကစားသမားအများစုမှာ ဥရောပသို့ သွားရောက်ကစားနေကြသည်။

ယင်းတို့၏ အတွေ့အကြုံ ခြေစွမ်းများကြောင့် အိုင်ဗရီကို့စ်တို့ ဂျာမနီကမ္ဘာ့ဖလားဝင်ခွင့်ရခဲ့သည်ဟု ဆိုပါက မှားလိမ့်မည်မဟုတ်ချေ။

ချယ်လ်ဆီးတိုက်စစ်မှူး ဒီဒီယာဒရော့စ်ဘာသည် အိုင်ဗရီကို့စ်၏ အဓိက ကစားသမားဖြစ်ပြီး ၎င်းနှင့်အတူ တိုနီ၊ မိုက်တီးနှင့် ဘာကာရီတို့ဟာလည်း အိုင်ဗရီကို့စ်အသင်းအတွက် အစွမ်းပြခဲ့သူများ ဖြစ်သည်။ ယင်းတို့အားလုံးသည် အိုင်ဗရီကို့စ်လူငယ်အကယ်ဒမီက ပြုစုပျိုးထောင်ပေးလိုက်သည့် လူငယ်တွေဖြစ်ပြီး အသင်းကို စည်းရုံးစုစည်း နိုင်သည့်သူများ ဖြစ်လာကြသည်။ ယင်းအားကစားသမားများကြောင့် အိုင်ဗရီကို့စ်အသင်းသည် စိတ်ဓာတ် ထက်သန်သည့် အသင်းအဖြစ် ရပ်တည်လာနိုင်ပြီဖြစ်သည်။



အိုင်ဗရီကို့စ်အသင်းမှ အားထားရမည့် တိုက်စစ်မှူး ဒရော့ဘာ။ (ဓာတ်ပုံ-အင်တာနက်)

အိုင်ဗရီကို့စ်အသင်းကို ကိုင်တွယ်သည့်နည်းပြကတော့ ပြင်သစ်လူမျိုး ဟင်နရီမစ်ချယ်ဖြစ်ပြီး ၎င်း၏ ပြောင်မြောက်သောနည်းဗျူဟာ အစွမ်းများနှင့် သေမင်းတမန်အုပ်စုလို့ခေါ်နိုင်သည့် ခြေစစ်ပွဲအုပ်စုတွင် နာမည်ကြီးကင်းမရွန်းအသင်း ကို ဖြုတ်ချနိုင်ခဲ့သည်။ အိုင်ဗရီကို့စ်နိုင်ငံသားမှာ အနှစ်နှစ်အလလတောင်းတခဲ့သည့် ကမ္ဘာ့ဖလားဝင်ခွင့်ရအောင် အဆိုပါနည်းပြအနေဖြင့် အဓိကစွမ်းဆောင်ပေးခဲ့ခြင်းလည်းဖြစ်သည်။

အိုင်ဗရီကို့စ်အသင်းသည် အာဖရိကဇုန်(၃)တွင် အုပ်စုပထမရပြီး ခြေစစ်ပွဲ အောင်လာသောအသင်းလည်းဖြစ်ကာ ခြေစစ်ပွဲတစ်လျှောက် အကောင်းဆုံးရလဒ်တစ်ခုမှာ ဆူဒန်အသင်းကို အိုင်ဗရီကို့စ်အသင်းက ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သောပွဲဖြစ်သည်။

အိုင်ဗရီကို့စ်နည်းပြ ဟင်နရီမစ်ချယ်ကတော့ သူ၏ အိုင်ဗရီကို့စ်အသင်းသည် အသင်းကြီးများနှင့် ယှဉ်တွဲကစားရမည်မှာ လက်ဆောင်တစ်ခုတော့ မဟုတ်ကြောင်း၊ အာဂျင်တီးနားသည် ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့ဖူးသည့် အသင်းဖြစ်ကြောင်း၊ နယ်သာလန်အသင်းသည်လည်း ဥရောပတွင် ချန်ပီယံဖြစ်ခဲ့သည့် အသင်းဖြစ်ကြောင်း၊ ဆားဘီးယားနှင့် မွန်တီနီဂရိုအသင်းကိုလည်း လျှော့တွက်၍ မရကြောင်း ၎င်းက ပြောကြားထားသည်။

ဒီဒီယာဒရော့စ်ဘာ

အိုင်ဗရီကို့စ် ဘောလုံးလောကအတွက်မူ ဒီဒီယာဒရော့ဘာသည် လေးစားထိုက်သော တိုက်စစ်မှူးကောင်းတစ်ဦးဖြစ်သည်။ ၎င်းသည် အိုင်ဗရီကို့စ်အသင်းကို အားလုံးက အလေးထားဂရုစိုက်လာအောင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ မထင်မှတ်သည်များ လုပ်ပြနိုင်ရန် ဦးဆောင် ကြိုးစားလိမ့်မည်ဟု မျှော်လင့်ထားကြသည်။

အရပ်အမောင်းမြင့်မားပြီး ကြံ့ခိုင်မှုကောင်းသည့် ဒရော့ဘာသည် အိုင်ဗရီကို့စ်အသင်းအတွက် ခြေစစ်ပွဲတစ်လျှောက် ကိုးဂိုးသွင်းပေးပြီး ဂျာမနီသို့ ရောက်ရှိအောင် စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။ ၎င်း၏ဦးဆောင်မှုနှင့် ဘောလုံးစွမ်းရည် ထက်မြက်မှုများသည် အိုင်ဗရီကို့စ်တို့ အာဖရိကဘောလုံး အင်အားကြီးဖြစ်လာရခြင်း၌ အဓိကအစိတ်အပိုင်းအဖြစ် ပါဝင်ခဲ့သည်။

ပြင်သစ်ကလပ် မာဆေးနှင့်အတူ ခြေစွမ်းပြရင်း ပြင်သစ်လိဂ်၏ တစ်နှစ်တာ အကောင်းဆုံးဘောလုံးသမားဆုရခဲ့ပြီးနောက်မှာ ဒရော့ဘာသည် ဥရောပအကောင်းဆုံးအသင်းတစ်သင်းဖြစ်သော အင်္ဂလန်မှ ချယ်လ်ဆီးအသင်းသို့ စံချိန်တင် ပြောင်းရွှေ့ကြေးနှင့် ၂၀၀၄ခုနှစ်က ပြောင်းရွှေ့ကစားခဲ့သည်။

၎င်းသည် ကစားအားကောင်းသည့် တိုက်စစ်မှူးဖြစ်ပြီး အသင်းအောင်မြင်ရေးကို အဓိက ဦးစားပေးခဲ့သူလည်းဖြစ်သည်။ အိုင်ဗရီကို့စ် အသင်းကို အောင်မြင်မှုများရယူပေးချင်နေသည့် ဒရော့ဘာတစ်ယောက် ဂျာမနီ ၂၀၀၆ကမ္ဘာ့ဖလားမှာ မည်မျှ ခြေစွမ်းပြတောက်ပလာမည်လဲဆိုသည်ကို အားလုံးက စောင့်ကြည့်နေကြသည်။

အိုင်ဗရီကို့စ်အသင်းသည် အုပ်စု (ဂ)တွင် ပါဝင်ပြီး ဇွန် ၁၀ရက်တွင် အာဂျင်တီးနားအသင်းနှင့်လည်းကောင်း၊ ဇွန် ၁၇ရက်တွင် နယ်သာလန်အသင်းနှင့်လည်းကောင်း၊ ဇွန် ၂၀ရက်တွင် ဆားဘီးယားနှင့် မွန်တီနီဂရိုအသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

ပရီမီယာရှစ်လက်ကျန်ပွဲများကစား မန်ယူသရေပွဲကျသော်လည်း ဒုတိယနေရာရောက်

အင်္ဂလန် မေ ၂

ပရီမီယာရှစ်လက်ကျန်ပွဲအဖြစ် မန်ချက်စတာယူနိုက်တက်အသင်းနှင့် မစ်ဒယ်ဘရော့အသင်းတို့သည် မေ၁ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ သရေပွဲဖြစ်ခဲ့သည်။

မန်ယူတို့ နစ္စတယ်ရှိုင်း၏ ပယ်နယ်တီလွဲချော်ခဲ့သဖြင့် မစ်ဒယ်ဘရော့အသင်းက သရေဆွဲထားခြင်းကိုခံခဲ့ရသည်။ နစ္စတယ်ရှိုင်းသည် ကက်တာမိုး၏ လက်ထိဘောမှ တစ်ဆင့် ပယ်နယ်တီကန်သွင်းခွင့်ရခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဘရက်ဂျုံးစ်က ယင်းပယ်နယ်တီကို ကာကွယ်လိုက်နိုင်သည်။

မန်ယူတို့ ရွှန်နေဒဏ်ရာရနေသဖြင့် တိုက်စစ်အတွဲများပျက်ကာ ဂိုးမသွင်းနိုင်ဘဲရှိသည်။ ယင်းသရေပွဲကြောင့် ပရီမီယာရှစ်တွင် ဒုတိယနေရာရောက် လီဗာပူးအသင်းနှင့် အမှတ်တူနေရာမှ မန်ယူက တစ်မှတ်အသာရရှိသွားခဲ့သည်။ မန်ယူတို့ ကစားရန် တစ်ပွဲသာကျန်တော့သည်။ အလက်ဖာဂူဆန်၏ ကစားသမားများသည် မာဆေးဆိုက်မှ ယင်း၏ ပြိုင်ဘက်များထက် ဂိုးကွာခြားချက်ဖြင့် အသာရရှိထားသည်။ မန်ယူတို့လာမည့် တနင်္ဂနွေ မေ ၇ ရက်တွင် အိမ်ကွင်း၌ ချာလ်တန်ကို အနိုင်ကစားပြီး ဒုတိယနေရာရရှိရန် မျှော်လင့်ထားသည်။

ရွှန်နေ ဒဏ်ရာရနေသဖြင့် မန်ယူ တိုက်စစ်မှူးတာဝန်များကို ဆာဟာနှင့် နစ္စတယ်ရှိုင်းတို့က တာဝန်ယူကစားနေရသည်။ ယင်းတို့သည် စောစောပိုင်းတွင် ခက်ခဲစွာကစားခဲ့ရပြီး မစ်ဒယ်ဘရော့အသင်းက ဖိကစားနိုင်ခဲ့သည်။

ထိုနေ့က အာဆင်နယ်နှင့် ဆန်းဒါးလင်းတို့သည် ပွဲစဉ်(၃၇)အဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြရာ အာဆင်နယ်က သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆန်းဒါးလင်းတို့ အစပိုင်းတွင် အပေးအယူ အချိတ်အဆက်မိမိကစားနိုင်ခဲ့သော်လည်း ဒန်နီကောလင်းစ်က ပွဲချိန် ၂၉ မိနစ်တွင် ကိုယ့်ဂိုးကိုယ်ပြန်သွင်းလိုက်သဖြင့် ကစားကွက်ပျက်သွားခဲ့ရသည်။ ယင်းနောက် ဖာဗရီဂတ်စ်က အာဆင်နယ်အတွက် ဒုတိယမြောက်ဂိုး၊ အွန်နရီက ပထမပိုင်းမပြီးမီ တတိယမြောက် ဂိုးသွင်းပေးလိုက်ခြင်းဖြင့် အာဆင်နယ်က ဆန်းဒါးလင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ **(အင်တာနက်)**

တိုက်စစ်မှူး ရွှန်နေ ချယ်လ်ဆီးနှင့် ပွဲ၌ ဒဏ်ရာရခဲ့ ကမ္ဘာ့ဖလားပွဲ အင်္ဂလန်အသင်း၌ ကစားနိုင်ရန် မသေချာ

လန်ဒန် မေ ၂

ပရီမီယာရှစ်ပွဲစဉ်(၃၇)ဘောလုံးပွဲစဉ်ကို လန်ဒန်မြို့ ချယ်လ်ဆီးအသင်း စတမ်းဖို့ဒ်ဘရစ်ကွင်းတွင် ဧပြီ၂၉ရက်က ကစားသောမန်ချက်စတာယူနိုက်တက်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြစဉ် မန်ယူအသင်းတိုက်စစ်မှူး ရွှန်နေသည် ပွဲပြီးခါနီး၌ လူချင်းတိုက်မိပြီး ညာခြေထောက်ရှိ အရိုးတစ်ချောင်း ကျိုးသွားခဲ့သည်။

ရွှန်နေ ခြေထောက်ဒဏ်ရာရရှိခဲ့သောကြောင့် ရှေ့လ၌ ဂျာမနီနိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များတွင် အင်္ဂလန်အသင်းမှ ပါဝင်ကစားရန် အခွင့် အလမ်းများ ဆုံးရှုံးနိုင်ကြောင်း အထူးကု ဆရာဝန်က တနင်္ဂနွေနေ့က ပြောကြားသည်။

မိမိတို့သည် တိုက်စစ်မှူးရွှန်နေ၏ နေရာတွင် တစ်ခြားသူတစ်ယောက်ကို အစားထိုးရန်မဖြစ်နိုင်ကြောင်း၊ ၎င်းကဲ့သို့ ကစားနိုင်သော ကစားသမားသည် နိုင်ငံတွင် အခြားကစားသမားတစ်ဦးရှိလိမ့်မည်ဟု မထင်ကြောင်း အင်္ဂလန်နိုင်ငံအသင်းမန်နေဂျာဟောင်း ဘော့ဘီရော့ဆွန်က ဘီဘီစီသတင်းထောက်များအား ပြောကြားသည်။

ယှဉ်ပြိုင်ရမည်

ကမ္ဘာ့ဖလားတွင်အင်္ဂလန်အသင်းသည် အုပ်စု(ခ)တွင် ပါရာဂွေး၊ ထရီနီဒက်နှင့် တိုဘာဂို၊ ဆွီဒင်အသင်းတို့ တစ်အုပ်စုတည်းတွင် ပါဝင်ပြီး ဇွန်၁၀ ရက်တွင် ပါရာဂွေးအသင်းနှင့် လည်းကောင်း၊ ဇွန်၁၅ရက်တွင် ထရီနီဒက်နှင့် တိုဘာဂိုနှင့်လည်းကောင်း၊ ဇွန် ၂၀ရက်တွင် ဆွီဒင်အသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ရွှန်နေ၏ ခြေထောက်ဒဏ်ရာကြောင့် အင်္ဂလန်ဘောလုံးပရိသတ်များနှင့် အင်္ဂလန်အသင်းအတွက် ကမ္ဘာ့ဖလားကြီး လွဲသွားမည်ကို စိုးရိမ်ပူပန်နေကြရသည်။ **(အင်တာနက်)**



မန်ယူတိုက်စစ်မှူးရွှန်နေ ဒဏ်ရာရရှိသွားစဉ် ချယ်လ်ဆီးအသင်းမှ အလယ်တန်းလူ မက်ကီလီလီ ကူညီဖေးမနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စစ်တွေမြို့ ငတောက်တက်ကျေးရွာ ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ကျော်မိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြတ်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

သာသနာ့ဗိမာန်တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲသန်လျင်၌ကျင်းပ

သန်လျင် မေ ၂

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သာသနာ့ကျက်သရေဆောင် သာသနာ့ဗိမာန်တော်တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲကို ဧပြီ ၃၀ ရက် နံနက်၈ နာရီက သာသနာ့ဗိမာန်တည်ဆောက်ရေးအုပ်ချုပ်မှုကော်မတီရုံး၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် ဦးကျင်ရှောင်-ဒေါ်အေးတင့်နှင့်ဦးစိန်တို့အား ရည်စူး၍ ဦးခင်မောင်ထွန်း-ဒေါ်ခင်ဝင်း မိသားစုတို့က အလှူငွေကျပ် ၁၀ သိန်း **(ယာပုံ)**၊ ဦးတင်လှိုင် -ဒေါ်မြင့်မြင့်အေးနှင့်သား မောင်ဇော်ထူးအောင်တို့အား ရည်စူး၍ ဦးခင်မောင်နိုင်-ဒေါ်သုရကေသွယ်လှိုင် မိသားစုတို့က အလှူငွေကျပ် ၁၀ သိန်း၊ ဒေါ်လန်းအားရည်စူး၍ ဦးဂျင်မီ မိသားစုက အလှူငွေကျပ် ၁၃၅၀၀၀၊ ဦးထွန်းမောင်-ဒေါ်ကျင်အေးတို့အား ရည်စူး၍ ဦးအုန်းအေး-ဒေါ်မာမာသန်း (မိသားစု ဆီချက်၊ သန်လျင်)က အလှူငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာ့ဗိမာန်တည်ဆောက်ရေး အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်စိုး (ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးတင်ရှိန်နှင့် ဦးအောင်သန်းဦးတို့က လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ **(သတင်းစဉ်)**

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အတွင်း မိုးရာသီ ရေစီးရေလာကောင်းမွန်စေရေးအတွက် မြေကော်စက်ဖြင့် ရေမြောင်း တူးဖော်နေမှုကို ဧပြီ ၁၀ ရက်က တာဝန်ခံအင်ဂျင်နီယာ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)



ဘိုကလေးမြို့၌ မြန်မာ့ရိုးရာ သက်ကြီးပူဇော် ဇီဝိတဒါန ငါးလွှတ်၊ ဆွမ်းဆန်စိမ်းလောင်းလှူ

ဘိုကလေး ဧပြီ ၂၃

ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာသက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် နံနက် ၇ နာရီက ဘိုကလေးမြို့မ ဆွမ်းလောင်းအသင်း မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်က အဘိုးအဘွားများအား မင်္ဂလာအဖွင့်စကားဖြင့် ပူဇော်ပြီး အဘိုးအဘွားများကို ပူဇော်ကန်တော့ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဌာနဆိုင်ရာများ၊ မြို့မ ဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဦးအောင်ညွှန့်နှင့် အမှုဆောင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမျိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးယုနှင့် အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များက အဘိုးအဘွား ၂၃၈ ဦးတို့အား ငွေကျပ်ခြောက်သိန်း ခုနစ်သောင်းငါးထောင်တန်ဖိုးရှိ လှူဖွယ်ဝတ္ထုပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ နံနက် ၉ နာရီတွင် မိတ္ထီလာမြစ်ကမ်းထိပ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲ အခမ်းအနားကျင်းပပြီး ညနေ ၃ နာရီတွင် မြို့မဆွမ်းလောင်းအသင်း ဓမ္မာရုံ၌ မြို့ပေါ်ကျောင်းတိုက် ၅၃ ကျောင်းမှ သံဃာတော်အပါး ၉၀၀ကျော်တို့အား သိန်း ၃၀ကျော်တန်ဖိုးရှိ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး နတ်တလင်းမြို့၌ဆွေးနွေး၊ စာအုပ်မျိုးစုံလှူဒါန်း

နတ်တလင်း ဧပြီ ၁၇

ပဲခူးတိုင်း(အနောက်ပိုင်း)ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုးသည် သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အေး၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှဲ့ဝါမြင့်တို့လိုက်ပါလျက် ဧပြီ ၁၁ရက် နံနက် ၁၁ နာရီက နတ်တလင်းမြို့နယ် တောင်ညိုမြို့သစ် ရွှေလင်းတောင်ညို ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ စာကြည့်တိုက်များ အစဉ်ရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် စာကြည့်တိုက်သို့ တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုးက စာအုပ်မျိုးစုံ အုပ် ၅၀ နှင့် ခရိုင် ဦးစီးအရာရှိ ဦးမောင်မောင်အေးက စာအုပ် ၅၀ လှူဒါန်းပြီး မင်္ဂလာဦးအလှူဒါနအဖြစ် မောင်ထွန်းထွန်းလင်းနှင့် မယဉ်ယဉ်ချိုတို့၏ ကိုယ်စား မြို့နယ်ဒုတိယဦးစီးမှူး ဒေါ်လှဲ့ဝါမြင့်က ရေဒီယိုတစ်လုံး ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုး

ကောလင်း ဧပြီ ၅

ဇီဝလောင်စာဆီ ထုတ်လုပ်ရန်အတွက် ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ခြင်းကို ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် စီမံကိန်းလျာထားချက်အတိုင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော်များကို ကျင်းပလျက်ရှိရာ မတ် ၂၁ ရက်က ကောလင်းမြို့နယ် သပြေအိုင်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးကျော်တင်၊ သဲကောကျေးရွာ ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် အဖွဲ့ဝင်များ၊ ကျေးလက်ပြည်သူများက ခြံစည်းရိုးကြက်ဆူပင် ကိုင်းပျိုးပင် ၂၅၄၀၀ ကို နောကုန်း ကျေးရွာတွင် လည်းကောင်း၊ ခြံစည်းရိုးကြက်ဆူပင် ကိုင်းပျိုးပင် ၂၄၀၀၀ ကို သဲကောကျေးရွာတွင် လည်းကောင်း စုပေါင်းစိုက်ပျိုးကြသည်။ **(ဝ၂၆)**

တနိုင်းမြို့၌ တီဘီရောဂါနှင့်ပတ်သက်၍ အသိပညာပေးဟောပြော

တနိုင်း ဧပြီ ၅

ကချင်ပြည်နယ် တနိုင်းမြို့နယ် လမုန်ကျေးရွာနှင့် မကောကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ တီဘီရောဂါနှင့် ကြက်ငှက်တုပ်ကွေးရောဂါ အကြောင်း အသိပညာပေးဆွေးနွေးဟောပြောပွဲကို မတ် ၂၉ ရက် နံနက် ၁၁ နာရီက ကျင်းပရာ မြို့နယ်ဆရာဝန် ဒေါက်တာ စိုင်းထွန်းက တီဘီရောဂါနှင့်ပတ်သက်၍ လည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့် ရေလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးခင်မောင်တင့်က ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ လည်းကောင်း အသိပညာပေး ဆွေးနွေးဟောပြောကြသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာဥက္ကဋ္ဌနှင့် ကျေးရွာနေပြည်သူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝိမလလမ်း ကတ္တရာခင်း

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဝိမလလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်း ဆောင်ရွက်မှုကို မတ် ၂၅ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘမြင့် ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ် စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

နိဗ္ဗာန်-အိုင်တိုလမ်းပြုပြင်ရန် ကျောက်ကြီးများစုဆောင်း

ဟသ်ာတ ဧပြီ ၁၈

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နိဗ္ဗာန်-အိုင်တိုလမ်း ပြုပြင်ရန် ကျောက်ကြီးများ စုဆောင်းမှုနှင့် လမ်းအခြေအနေကို ဧပြီ ၁၀ရက်က အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့် အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုးတို့ ကွင်းဆင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် စည်ပင်)**

မြန်မာ့အသံ

၄-၅-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာ ပြန်ကြားလွှာ)

၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)နိဗ္ဗာန်သွားလမ်း မြတ်ပဋ္ဌာန်း (အရှင်သံဝရ လင်္ကာရ-ဓမ္မပီယဆရာတော်) (၂)သားတို့ဖတ်ဖို့(၂) (မြရီလွင်)

၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (ဇီဝဗေဒပညာတွင် မျိုးရိုးဗီဇ လေ့လာမှု-မောင်ဆုရှင်)

၁၂:၃၀ အစာနှင့် အာဟာရ (မလွှပွင့်နှင့် သခွတ်ပွင့်)

ညနေပိုင်း

၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၅ သုတကမ္ဘာ

၁၈:၄၀ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉:၁၅ ဓာတ်လမ်းပမာနားဆင်စရာ (ချစ်ပါနော်မောင့်ကို)

မော်လမြိုင် အဂ္ဂါဘိဓဇတိပိဋက နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ရေစက်ချဆက်ကပ်လှူဒါန်း

မော်လမြိုင် မေ ၁၀

မော်လမြိုင်မြို့ ဒိုင်းဝန်းကွင်းနယ်မြေရှိ သာသနာ့မာရ်အောင် ဝဲပျံစာသင်တိုက် အတွင်း၌ စေတနာရှင်များ၏ စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၄၇၀ ကျော်ဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် အဂ္ဂါဘိဓဇတိပိဋက နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို မေ ၂ ရက် နံနက်ပိုင်းက ယင်းကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ (ယာပုံ)

တက်ရောက်

အခမ်းအနားသို့ သာသနာ့မာရ်အောင် ဝဲပျံစာသင်တိုက် ပဓာနနာယက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိဇယာဘိဝံသ အမှူးပြုသော ဆရာတော်များ ကြွရောက်တော်မူကြပြီး အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆက်ကပ်

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဆရာတော်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးတော်မူပြီး မော်လမြိုင်မြို့ ကော့လှာပရိယတ္တိစာသင်တိုက် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တသြဘာသ မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ရေစက်ချ အနုမောဒနာတရားနာယူပြီး လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။ (၁၆၈)

ကျုံပျော်မြို့၌ ခြံစည်းရိုးကြက်ဆူပင် ပေါင်းမြက်များရှင်းလင်း

ကျုံပျော် မေ ၂၇

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုသည် မေ ၂၂ ရက်က ကျုံပျော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်၌ ပျိုးထောင်ထားသော ခြံစည်းရိုး ကြက်ဆူပင်များ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ ပေါင်းမြက်များရှင်းလင်းမှု ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေးက ကြက်ဆူပင်ပျိုးထောင်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

(မြို့နယ်စည်ပင်)

မြေယာရှုခင်း

ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မေ ၁၄ ရက်က ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အမှတ်(၂) မြေယာရှုခင်းကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မြင့်က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

ခန္တီးမြို့၌ နွေရာသီလူငယ်အကျိုးပြု သင်တန်းဖွင့်

ခန္တီး မေ ၁၀

ခန္တီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ၂၀၀၆ ခုနှစ် နွေရာသီလူငယ်အကျိုးပြု သင်တန်းများဖွင့်ပွဲကို မတ် ၃၀ရက် နံနက် ၉နာရီက ခန္တီးမြို့ အခြေခံပညာအထက်တန်းကျောင်း အထက ကျန်စစ်သားခန်းမ၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မင်းဆွေက အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမြဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ဖွင့်လှစ်သည့် သင်တန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ဟောပြော

ထို့နောက် ခရိုင်ဆရာဝန်ကြီး ဒေါက်တာ အောင်သင်းက တီဘီရောဂါ အကြောင်းနှင့် ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာ သန်းအေးက ကြက်ငှက်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ ဟောပြောကြောင်း သိရသည်။**(ခရိုင်ပြန်/ဆက်)**

ကြက်ဆူပင်ပျိုးထောင်

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကို မေ ၆ ရက်က ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ပျိုးထောင်ထားသော ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

ဥပုသ်သီလဆောက်တည် စတုဒိသာကျွေးမွေး

အင်းတော် မေ ၂၅

အင်းတော်မြို့ပေါ်ရှိ စေတီ၊ ပုထိုး၊ ဘုရား၊ ကျောင်းကန်များနှင့် မြို့နယ်အတွင်းရှိ ကျေးရွာများမှ စေတီ၊ ပုထိုး၊ ဘုရား၊ ကျောင်းကန်များတွင် မြန်မာ့ရိုးရာ သင်္ကြန်ရက်များနှင့် မြန်မာနှစ်ဆန်းတစ်ရက်က ဥပုသ်သီလ ဆောက်တည်ကြခြင်း၊ ရေသပ္ပာယ်ခြင်း၊ တရားဘာဝနာ ပွားများခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဆက်ကပ်ပူဇော်ခြင်း၊ အလှူငွေများ လှူဒါန်းခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုတို့နှင့်အညီ စုပေါင်း ဒုလ္လဘရဟန်းခံခြင်း၊စတုဒိသာကျွေးမွေးခြင်း၊ သောက်သုံးရေ လှူဒါန်းကြခြင်း စသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြသည်။ **(၁၃၃)**

နောင်တရား၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့် ရည်ရွယ်ချက်နှင့် သိကောင်းစရာများရှင်းလင်း

နောင်တရား မေ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း)နောင်တရားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ စာကြည့်တိုက်ပညာဆင့်ပွား သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၃ရက်က မြို့နယ်ရုံး စာကြည့်တိုက်ခန်းမဆောင်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်လှမောင်ဌေးက သင်တန်း၏ရည်ရွယ်ချက်များ၊ စာကြည့်တိုက်အကြောင်း သိကောင်းစရာများ၊ စာကြည့်တိုက်ရေရှည်တည်တံ့ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပေါ့အင်ကျေးရွာအုပ်စုနှင့် နမ်းပုလင်းကျေးရွာအုပ်စုရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်မှူးများ တက်ရောက်ကြကြောင်း သိရသည်။ **(၃၆၉)**

လက်တွေ့သရုပ်ပြ

ကျောက်တော်မြို့ မြို့မဈေး မီးဘေးလုံခြုံရေးအတွက် ဈေးအရန်မီးသတ်တပ်ဖွဲ့နှင့် စည်ပင်သာယာ ဝန်ထမ်းများပူးပေါင်း၍ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့် နေမှုကို မတ် ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသာအေးနှင့် ဈေးကြီးကြပ်ရေး ကော်မတီဝင်များ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)



တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာ ရေး နှစ် အတွင်း ဆောင်ရွက်ရန် ဖြစ်သော ဗိုလ်မှူးဖိုးကွန်း လမ်းဘေး ကပ်တုံးများ ပြုလုပ်ခြင်း လုပ်ငန်းကို အငယ်တန်း အင်ဂျင်နီယာ(၂) ဦးအောင်သူဝင်း ကြီးကြပ်ဆောင် ရွက် မှု ကို အမှုဆောင် အရာရှိ ဦးအောင် မင်းနိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးမင်းဆွေတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါအဖြစ်များသော ကာလဖြစ်ပါသည်။ မိုးဦး ကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများ ဝင်ရောက်ကာ ကူးစက်ရောဂါများဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်းသွားတတ်သောကာလ ဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ဖွားပေါများသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်-

(၁) ရေကို ကျိုချက်၍သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။

(၂) ရေတွင်းရေကန် စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက် များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။

(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။

(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။

(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများ မဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။

(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့လျှင်-

(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျ ဖျော်တိုက်ပါ။

(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။

(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန။



ကိုကို ရဲ့ (၃၄)နှစ်မြောက်မွေးနေ့ဆုမွန်

ချစ်ခင်ပွန်း **ကိုရဲဝင်းနိုင်** (ကိုကို) ခေတ္တ U.S.A ၏ ၃-၅-၂၀၀၆ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာမှသည် နောက်နှစ်ပေါင်းများစွာတိုင် ဘဝတစ်လျှောက်လုံး ချစ်ဇနီးငယ်နှင့်အတူ အောင်မြင်ခြင်း၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း သုခများကို ထာဝစဉ်ပိုင်ဆိုင်နိုင်ပါစေလို့ ဆုတောင်းလျက်။

ချစ်ဇနီးငယ်- ဟန်စုယဉ်(ခေတ္တ- U.S.A)

မင်္ဂလာဆုတောင်း

ဦးကျော်မင်းထွန်း(မြို့နယ်ခွဲ-အင်ဂျင်နီယာ၊ မိုင်းခုတ်မြို့)နှင့် ဒေါ်ဥမ္မာအေးသစ် (ငယ်၊ယာ-၂ ရန်ကုန်တောင်ပိုင်းခရိုင်ဆောက်လုပ်ရေး သန်လျင်)တို့၏၃-၅-၂၀၀၆ ရက်တွင် ကျရောက်သော (၁၆)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် အေးချမ်းသာယာသော ဘဝခရီးကို ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ။

အမေ- ဒေါ်ခင်ဝင်းအေး ခရိုင်စာရင်းစစ်အရာရှိ
မြစ်ကြီးနား
သား - ထင်အောင်လူ
သမီး- လေးလေး၊ သေးသေး။



အမည်ပြောင်း

ဦးကျော်ဝင်း၏သား အင်္ဂပူမြို့ အထက အဌမတန်း(B)မှ မောင်သီဟဝင်းထက်အား မောင်ဟိန်းပြည့်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဟိန်းပြည့်ဖြိုး။

အမြန်ရောင်းမည်

ပြည်လမ်းနှင့် လမ်းသစ်လမ်းသွယ် ပေ 80 × ပေ 60 ဘိုးဘွား RC-တစ်ထပ်၊ ဥယျာဉ်ပြင်ပြီး၊ အဝီစိရေ-မီးပါ။ ဖုန်း ၀၉-၅၀၁၇၄၇၆။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၃၄

၁။ ဦးထွန်းလင်း	၁။ ဦးသန်းထွန်းဦး
၂။ ဒေါ်နယ်လီထွန်း (၎င်းတို့၏အထွေထွေကိုယ်စားလှယ် **နှင့်** စာရသူ ဦးခင်မောင်ထွန်း)	၂။ ဒေါ်လီလီဝင်း
၃။ ဦးခင်မောင်ထွန်း	
တရားလို	**တရားပြိုင်**

ဦးသန်းထွန်းဦး၊ ဒေါ်လီလီဝင်း(လင်မယား)၊ အမှတ်(၃၆/၁၃)(၆၄)လမ်း(၃၁×၃၂) လမ်းကြား၊ နယူးစီဗွီလိုင်းရပ်၊ တရုတ်စာသင်ကျောင်း အရှေ့ဘက်အနီး၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးထွန်းလင်းပါ-၃ဦးတို့က စာချုပ်ပယ်ဖျက်ပေးစေလိုကြောင်း နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၆ခုနှစ် မေလ ၁၂ရက် (၁၃၆၈ခုနှစ်၊ကဆုန်လပြည့်ကျော် ၁ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီ အချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်၊ သင်ကထုချေတင်ပြအမှီ ပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၆ခုနှစ် ဧပြီလ ၂၀ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

စိန်သန်း
တွဲဖက်တိုင်းတရားသူကြီး(၄)
မန္တလေးတိုင်းတရားရုံး။

အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့ ဇိုင်းဂနိုင်းမြောက်ပိုင်း (၃)လမ်း အမှတ်(၃၆)နေ ကျွန်မ ဒေါ်ခင်အုန်းမြင့်၏သား မောင်သိန်းဇော်ထွန်း(ခ)တန်ဘီ မှတ်ပုံတင်အမှတ်-၇/ပခန(နိုင်) ၂၃၆၂၇၁ သည် မိဘစကားကို နားမထောင်ဘဲ အမျိုးမျိုးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေသည်ဖြစ်၍ ယနေ့မှစ၍ သားအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
မိခင် ဒေါ်ခင်အုန်းမြင့်။

ကြူကုတ်(ပန်ဆိုင်း) မြို့၌ သဇင်လမ်းကတ္တရာလမ်းသစ်ဖွင့်

ကြူကုတ် (ပန်ဆိုင်း) မေ ၅

ကြူကုတ် (ပန်ဆိုင်း) မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော အမှတ် (၈) ရပ်ကွက် သဇင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၅ရက်က အဆိုပါလမ်းထိပ်မုခ်ဦးရှေ့တွင် ကျင်းပရာ မူဆယ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးရဲလင်းဦး၊ ကြူကုတ်(ပန်ဆိုင်း)မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်ဦး၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးမြင့်သိန်း တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

(နယ်စပ်/စည်ပင်)

မိုးညှင်းမြို့နယ် အင်းတော်ကြီးအတွင်း၌ ရွှေဝါငါးကြင်းများ ပြန့်ပွားပေါများရန် ငါးသားပေါက်ကောင်ရေ ၁၀သိန်းစိုက်ထည့်

မိုးညှင်း မေ ၂၀

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးအတွင်း ရွှေဝါငါးကြင်းများ ပြန့်ပွားပေါများ လာစေရန်အတွက် ပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာနဦးစီးမှူး ဦးလှထွန်း၏ စီစဉ်မှုဖြင့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးအယ်တူးရိန်နှင့် ရုံးအဖွဲ့ တို့သည် ဧပြီ ၁၈ရက်က အင်းတော်ကြီး လုံးတုံကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျေးရွာမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ကျေးရွာပြည်သူများ စုပေါင်း၍ လုံးတုံရေဆိပ်မှ ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ ၁၀သိန်းကို အင်းအတွင်း သို့ တပျော်တပါး စိုက်ထည့်ကြသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွှေဝါငါးကြင်းမျိုးများ ပြန့်ပွားပေါများရန် ငါးသားပေါက်များ စိုက်ထည့်ခြင်းဖြစ်ရာ ငါးလုပ်ငန်းဦးစီးဌာန၏ ငါးလုပ်ငန်းစခန်းကို အင်းတော်ကြီး လုံးတုံကျေးရွာအနီးတွင် တည်ဆောက်ပြီး ဆောင်ရွက်လျက်ရှိသည်။ **(၁၅၂)**

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်းဆောင်ရွက်ပြီးစီးသော ပြည်တော်သာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် အထိမ်းအမှတ်အလံပေးအပ်ပွဲကို မတ် ၂၅ ရက်က လမ်းသစ်မုခ်ဦးရှေ့တွင် ကျင်းပရာ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်က မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးတင်အောင်ထံ အထိမ်းအမှတ်အလံပေးအပ်စဉ်။ (မြို့နယ်စည်ပင်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက မြို့နယ်အတွင်းရပ်ကွက်များမှ အဘိုးအဘွား ၅၀တို့အား သက်ကြီးပူဇော်ကန်တော့ပွဲကို ဧပြီ ၁၇ရက်က အသင်းရုံးတွင်ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နုနုဝေက အဘိုးအဘွားများအား ငွေသားနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အစ္စရေးနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၃

၂၀၀၆ ခုနှစ် မေ ၃ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ အစ္စရေးနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အီဟွတ် အိုလ်မတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကလေးတပ်နယ် စုပေါင်းပျိုးဥယျာဉ်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက် ဒေသနှင့် ကိုက်ညီမည့် စပါးနှင့်အခြားသီးနှံများ စိုက်ပျိုး

ရန်ကုန် မေ ၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၃၀ ရက် နံနက် ၉နာရီ၄၅မိနစ်တွင် စစ်ကိုင်းတိုင်း ကလေးမြို့သို့ မြန်မာ့လေကြောင်းဖြင့် ရောက်ရှိရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် တပ်မတော်အရာရှိကြီးများ၊ ကလေးခရိုင်နှင့် ကလေးမြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကလေးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

မိုးလေဝသအခြေအနေ (မေ ၃ ရက်)

နေပြည်တော်မြို့တော်

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့အလင်း သတင်း၊ ဆောင်းပါး၊ အင်တာနက်သတင်းနှင့် ဓာတ်ပုံအညွှန်း

❒ မန္တလေးဗဟို အမျိုးသမီးဆေးရုံကြီး၌ ရင်ချင်းဆက်အမြွှာ အောင်မြင်စွာခွဲစိတ်မွေးဖွားပေး၊ မိခင်ရော ကလေးပါ ကျန်းမာရေးကောင်းမွန်လျက်ရှိ။

သတင်း(စာ - ၂)

❒ မြန်မာ့ရှုခင်းအလှကို စူးရှထက်မြက်စွာ ဖော်ကျူးထားသည့် မြန်မာပန်းချီဆရာများ၏ အရောင်လှိုင်း ပန်းချီပြပွဲ။

မောင်မောင်မြင့်ဆွေ၏
သတင်းဆောင်းပါး(စာ - ၇)

❒ အွန်လိုင်းစနစ်ဖြင့် စာမေးပွဲဖြေဆိုနိုင်မည်။

အင်တာနက်သတင်းနှင့် ဓာတ်ပုံ(စာ - ၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

NLD ပါတီသည် ဒေသနေ ပြည်သူလူထု၏ အကျိုးစီးပွားကို ဖော်ဆောင်မှုများ လုံးဝမရှိ ဘေးထိုင်ဘုပြောနေသည့် လူပိုအဖွဲ့တစ်စုအဖြစ်သို့ ရောက်ရှိနေ အာဏာမက်မောပြီး အာဏာရရှိရေးကိုသာ အဓိကထား ကိုယ်ကျိုးအတ္တကြီးမားသော လူတစ်စုနှင့် ဆက်လက်လက်တွဲရန် မလိုတော့သည့်အတွက် NLD ပါတီမှ နုတ်ထွက်

ရန်ကုန် မေ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးမြင့်ဆွေ (ဒုတိယဥက္ကဋ္ဌ –၁၊ ကွန်းကျောင်းရွာ၊ သီပေါမြို့နယ်)၊ ဦးကျောင်းအေး(ဒုတိယဥက္ကဋ္ဌ–၂၊ တောင်မြို့ရပ်၊ သီပေါမြို့)၊ ဦးဇော်ထွန်း(အတွင်းရေးမှူး၊ ဈေးရပ်၊ သီပေါမြို့)၊ ဦးမြင့်အောင် (မြို့နယ်စည်းရုံးရေးမှူး၊ မြန်မာရပ်၊ သီပေါမြို့)၊ ဦးထွန်းထွန်းမောင်(မြို့နယ်စည်းရုံးရေးမှူး၊ ပန်းတိမ်မြောက်ရပ်၊ သီပေါမြို့)၊ ဦးစိုင်းထွန်းနော်(မြို့နယ်စည်းရုံးရေးမှူး၊ နမ့်ဟူးနွဲ့ရွာ၊ သီပေါမြို့နယ်)၊ ဦးစိုင်းထွန်းလင်း (မြို့နယ်စည်းရုံးရေးမှူး၊ တွန်တီးရွာ၊ သီပေါမြို့နယ်)နှင့် ဦးစိုင်းဆိုင်(အဖွဲ့ဝင်၊ မိုင်းလင်းရွာ၊ သီပေါမြို့နယ်)တို့ ***စာမျက်နှာ ၁၂ ကော်လံ ၁*** ✡

ပုံမှန်လမ်းလျှောက်ခြင်းသည် ဦးနှောက်အာရုံကြောများပိုမိုလန်းဆန်းရှင်သန်စေ

လန်ဒန် မေ ၂

နေ့စဉ်ပုံမှန်လမ်းလျှောက်ခြင်းသည် အာရုံကြောများ လန်းဆန်းရှင်သန်မှုနှင့် ခန္ဓာကိုယ်ရှိ အသားမျှင်ဓာတ်များပိုမိုခိုင်မာမှုရှိစေကြောင်း သုတေသနပညာရှင်တစ်ဦးက ပြောကြားသည်။

ဦးနှောက်အာရုံကြော

ကျွမ်းဘားကဲ့သို့သော အားကစားလှုပ်ရှားမှုများနှင့် အမြန်ပြေးခြင်းများထက် ပုံမှန်ခပ်သွက်သွက် လမ်းလျှောက်ခြင်းသည် ဦးနှောက်အာရုံကြောများကို ထိထိရောက်ရောက် အကျိုးပြုကြောင်း လန်ဒန်မြို့မှ သုတေသနပညာရှင် ကင်အာမီတက်က ပြောကြားသည်။

သွေးကြောလေကြော

တစ်နေ့လျှင် အနည်းဆုံး နှစ်ကီလိုမီတာခန့်ကို ခပ်သွက်သွက်လမ်းလျှောက်သင့်ကြောင်း၊ လမ်းလျှောက်စဉ် ခြေ၊ လက်နှင့် ဦးခေါင်းတို့ ဟန်ချက်ညီညီ လှုပ်ရှားပြီး သွေးကြောလေကြောများပွင့်အောင် လမ်းလျှောက်သင့်ကြောင်း ၎င်းကပြောဆိုသည်။ *စာမျက်နှာ ၆ ကော်လံ ၄* ❒